★ အများပြည်သူ သဘောမတူတဲ့ အမိန့်အာဏာဟူသမျှ တာဝန်အရ ဖီဆန်ကြ


# ရွှေခမောက် သတင်းစဉ်

အမှတ်စဉ် ၆၂/၂၀၀၇ ၂၀၀၇ ခုနှစ်၊ နိုဝင်ဘာလ (၆)ရက်။




“လူထုကို အားမကိုးတာဟာ အင်မတန်မှ ဥာဏ်နဲတဲ့ အစိုးရပဲလို့ ကျမ ထင်တယ်။ ဒီလိုပြည်သူလူထုကိုအားကိုးမှ ကျမတို့ တိုးတက်နိုင်မှာပေါ့။ ကျမပြည်သူလူထုကို အတန်တန်မှာချင်တာကတော့ ညီညွတ်ကြပါ။ ညီညွတ်ကြပါ။ ဖွဲ့သတ္တိနဲ့ ကိုယ်လိုချင်တာကို ရအောင်ယူကြပါ။ ဒီမိုကရေစီ ရမလား၊ ရမလားလို့ မေးနေမဲ့အစား ရတဲ့အထိ အားလုံးဝိုင်းပြီးတော့ ကူညီမယ်ဆိုတဲ့ ဖွဲ့နဲ့ကျမတို့ကို ကူညီကြပါ။ ကျမတို့အနေနဲ့လည်း ပြည်သူလူထုအနောက် ကနေပြီးတော့ ထောက်ပံ့နိုင်တဲ့အခါကျရင်၊ ထောက်ခံသင့်တဲ့နေရာမှာ ထောက်ခံပေးမယ်၊ ပံ့ပိုးပေးမယ်။ အရှေ့ကနေပြီးတော့ ကာကွယ်သင့်တဲ့နေရာမှာ အရှေ့ကနေပြီးတော့ ကာကွယ်ပေးပါ့မယ်။ ပြည်သူလူထု အင်အားမရှိပဲနဲ့တော့ ကျမတို့ဘယ်လိုမှ မအောင်မြင်နိုင်ပါဘူး။ အဲဒီတော့ ကျမတို့အဖွဲ့ချုပ် ရဲ့လုပ်ငန်း၊ ဒီမိုကရေစီလှုပ်ရှားမှုကြီးကို အောင်မြင်စေချင်တယ်ဆိုလို့ရှိရင် ပြည်သူလူထုအားလုံးကနေပြီးတော့ ထောက်ခံကြပါ။ အားပေးကြပါ။ ကျမတို့က အားကိုး နေရတဲ့သူတွေပါလို့။

ဒေါ်အောင်ဆန်းစုကြည်
နောက်ဆုံးအထိန်းသိမ်းခံထားရတာ ယခုဆိုရင်
(၄)နှစ်(၆)လနဲ့(၆)ရက်ရှိသွားပါပြီ။

## ယနေ့ သတင်းများ


၁။ ပခုက္ကူ သံဃာတော်များ လမ်းပေါ်ပြန်ထွက်နေကြပြီ
၂။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအပါအဝင် ထင်ရှားသည့် နိုင်ငံရေးသမားများ ပြန်လည်လွတ်မြောက်လာ
၃။ မန္တလေးက အဖွဲ့ဝင် (၃၂)ဦး ပြန်လည်လွတ်မြောက်လာ
၄။ စစ်အစိုးရအား အာဆီယံမှ ဖိအားပေးရန် (၈၈) မျိုးဆက် ကျောင်းသားများ တောင်းဆို
၅။ (၈၈) မျိုးဆက်ကျောင်းသူ မမီးမီး၏ ကျန်းမာရေးအတွက် မိသားစု စိုးရိမ်ပူပန်နေ
၆။ ပခုက္ကူမြို့က သံဃာတော်များ မေတ္တာပို့ကြွချီမှုကို သာသနာ့ဥသျှောင်အဖွဲ့က ထောက်ခံကြောင်း ကြေညာချက် ထုတ်ပြန်
၇။ ဂမ်ဘာရီ နေပြည်တော်မှာ ရှိနေဆဲ
၈။ ဒေါ်အောင်ဆန်းစုကြည်အတွက် စန္ဒယားအသစ်တလုံး ဝယ်ပေးရန် စီစဉ်နေ
၉။ စီအဲန်ဂျီ၊ အစိုးရသစ်ပြောင်းလဲရေး ပိုစတာများ ရန်ကုန်မြို့မှာ မျိုးဆက်သစ်လူငယ်များ လိုက်လံကပ်နေ
၁၀။ န အ ဖ လက်ကိုင်တုတ်တွေရဲ့ ရိုက်နှက်မှုကြောင့် တောင်ဥက္ကလာပမြို့နယ်မှ ပြည်သူတစ်ဦးသေဆုံး
၁၁။ လျှပ်စစ်မီး ဆိုးဆိုးဝါးဝါး ပြတ်တောက်


## ပခုက္ကူ သံဃာတော်များ လမ်းပေါ်ပြန်ထွက်နေကြပြီ

*ဧရာဝတီ၊ ၃၀ အောက်တိုဘာလ၊ ၂၀၀၇*

မကွေးတိုင်း ပခုက္ကူမြို့ရှိသံဃာတော်အပါး (၁၀၀)ကျော်က ယနေ့နံနက် (၈) နာရီကျော်မှစတင်၍ မေတ္တာသုတ်ရွတ်ဆို လမ်းလျှောက်ဆန္ဒပြကြောင်း သိရသည်။

အဆိုပါ သံဃာတော်များသည် မဟာဝိဇယာရာမ (အရှေ့တိုက်) ဘက်မှ ဗိုလ်ချုပ်လမ်းအတိုင်း မြို့ကိုပတ်၍ (၁)နာရီခန့်ကြာသည်အထိ မေတ္တာသုတ်ရွတ်ဆို၍ ငြိမ်းချမ်းစွာလမ်းလျှောက်ခဲ့သည်ဟု ပခုက္ကူမြို့မှသံဃာတော်တပါးက ဧရာဝတီသို့ ပြောသည်။

“ပေါက်လမ်းကနေ အနောက်ဘက်မှာရှိတဲ့ သီဟိုဠ်ရှင်ဘုရားကိုသွားပြီး ဝတ်ပြုဆုတောင်းပြီးတော့ ကိုယ့်ကျောင်း ကိုယ်ပြန်သွားကြတယ်။ အဓိကက ကံဆောင်တာပဲ”ဟု အထက်ပါ သံဃာတော်က ပြောသည်။



မြို့လူထုက မေတ္တာသုတ်ရွတ်ဆိုကြွချီလာသော ယင်းသံဃာတော်များကို လမ်းဘေးဝဲယာမှနေ၍ ထိုင်ကန်တော့ခြင်း၊ ကြည်ညိုအားပေးခြင်းများပြုလုပ်ကြသည်ဟု ပခုက္ကူမြို့မှ မျက်မြင်သက်သေ တဦးကလည်း ပြောပြသည်။

သံဃာတော်များ ကြွချီရာလမ်းတလျှောက်တွင် ယူနီဖောင်းဝတ် စစ်သားများ၊ ရဲများကို မမြင်တွေ့ရဘဲ အရပ်ဝတ်ရဲဟု ထင်ရသူများနှင့် ကြံ့ဖွံ့တချို့ကိုသာ တွေ့မြင်ရပြီး အေးချမ်းစွာပြီးဆုံးခဲ့သည်ဟု ဆိုသည်။ လတ်တလောတွင် အဖမ်းအဆီးများ မရှိသော်လည်း ပါဝင်ဆန္ဒပြသည့်ကျောင်းတိုက်များကို အာဏာပိုင်များက လိုက်လံစုံစမ်း နေကြောင်းလည်း သိရသည်။

ပြီးခဲ့သည့် စက်တင်ဘာလ (၆)ရက်နေ့နေ့လယ်က ပခုက္ကူမြို့ရှိ သံဃာတော်အပါး (၅၀၀)ခန့် မေတ္တာပို့ရွတ်ဆိုရင်း လမ်းလျှောက်ဆန္ဒပြကြရာ စစ်တပ်က သေနတ် (၁၀)ချက်ခန့်ပစ်ဖောက်ပြီး အာဏာပိုင်များနှင့်ကြံ့ဖွံ့၊ စွမ်းအားရှင်များက ယင်း ဆန္ဒပြ

သံဃာတော်များအား ရိုက်နှက်ဖမ်းဆီးခဲ့သည်၊ ထိုသို့ အကြမ်းဖက်ရိုက်နှက်ဖမ်းဆီးမှုကြောင့် သံဃာတော်(၁၀)ပါးခန့်ဖမ်းဆီးခံရပြီး သံဃာတချို့ ပြင်းထန်စွာ ဒဏ်ရာရကာ သံဃာတော်တပါး ရိုက်နှက်ခံရသည့် ဒဏ်ရာဖြင့် ဆေးရုံတင်ခဲ့ရသည်။ ■

---

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအပါအဝင် ထင်ရှားသည့် နိုင်ငံရေးသမားများ ပြန်လည်လွှတ်မြောက်လာ

***ဗွီအိုအေ၊ ၃၁ အောက်တိုဘာလ၊၂၀၀၇***

မြန်မာစစ်အစိုးရကနေ မရေမတွက်နိုင်အောင် ဖမ်းဆီးထားတဲ့ ဒီမိုကရေစီရေး တောင်းဆိုသူတွေထဲက တချို့ကို မနေ့ညက တကြိမ်ထပ်ပြီး လွှတ်ပေးလိုက်ပါတယ်။ အဲန်အယ်လ်ဒီပါတီက ပြန်ကြားရေးအဖွဲ့ဝင် ဦးမြင့်သိန်း၊ မရမ်းကုန်းမြို့နယ် အဲန်အယ်လ်ဒီက ဒေါ်လဲ့လဲ့၊ မကွေးတိုင်း အဲန်အယ်လ်ဒီပါတီဥက္ကဋ္ဌ ဦးဟန်ဇော်၊ စစ်ကိုင်းတိုင်း အရာတော်မြို့နယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဗလ၊ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ (စီအာရ်ပီပီ) အဖွဲ့ဝင် ပူကျင့်ရှင်းထန်နဲ့ ဦးထောင်ကိုထန်း၊ နောက် အမျိုးသားရေးဦးဝင်းနိုင်တို့ကို မနေ့ညနေပိုင်းက ပြန်လွှတ်ပေးလိုက်ပါတယ်။ ဒီအကြောင်းနဲ့ပတ်သက်ပြီး ဆက်သွယ်မေးမြန်းထားတာတွေကို ကိုကျော်အောင်လွင်က စုစည်းတင်ပြထားပါတယ်။

ပထမဆုံး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပူကျင့်ရှင်းထန်ကို ကျွန်တော် ဆက်သွယ်မေးမြန်းထားပါတယ်။

ဦးကျင့်ရှင်းထန်တို့က အခုပြန်လွှတ်လာပြီဆိုတော့ ဆရာတို့ကို ဘယ်နေရာမှာဖမ်းထားတယ်၊ အဲဒီမှာ ဘယ်လိုကြုံတွေ့ခဲ့ရသလဲဆိုတဲ့ အခြေအနေကို အရင်ဆုံးရှင်းပြပေးပါ။

"ကျွန်တော်တို့ အင်းစိန်ထောင်ထဲ ရောက်တယ်ဗျာ၊ ဒီနေ့မှာ အင်းစိန်ထောင်ကနေပြီးတော့ ၇ နာရီလောက်မှာ ကျွန်တော်တို့ကို အိမ်ပြန်ဖို့ အကြောင်းပြောတယ်။ အဲဒီမှာ ကော်ဖီလေးဘာလေးတိုက်ပြီးတော့ အဝင်တုန်းကအပ်တဲ့ပစ္စည်းတွေကို ပြန်ထုတ်ပေးတယ်။ အဲဒီနောက်မှာ ထွက်တော့ ကျွန်တော်က ရန်ကုန်ဗိုလ်တထောင်မြို့နယ်မှာ နေတယ်ဆိုတော့ အိမ်ရောက်တဲ့အခါမှာ ၁၀ နာရီ၊ ၁၀ နာရီခွဲလောက် ရှိသွားတယ်ဗျ"

ဗွီအိုအေ။ ။ ဆရာတို့ ထောင်ထဲမှာနေခဲ့ရတာ အခြေအနေတွေ ဘယ်လိုရှိပါသလဲခင်ဗျ။ ဆရာတို့ကို ကောင်းကောင်းမွန်မွန် ထားရဲ့လား။

"ကောင်းကောင်းမွန်မွန်ထားပါတယ်၊ ကျွန်တော်တို့ကိုတော့၊ သူတို့အဆင့်နဲ့သူတို့၊ ကျွန်တော်တို့ကိုတော့ သီးသန့်ဆောင်မှာထားတယ်။ ကျွန်တော်တို့ထားတဲ့အဆောင်မှာ အိပ်ခန်းက ၁၂ ခန်းရှိတယ်။ အဲဒီ ၁၂ ခန်းထဲမှာ ကျွန်တော်တို့ အမျိုးသားရေး ဦးဝင်းနိုင်ပါတယ်၊ ကျွန်တော်ပါတယ်၊ ဦးထောင်ကိုထန်း ပါတယ်။ အဲဒါတွေ"

ဗွီအိုအေ။ ။ ဟုတ်ကဲ့၊ စုစုပေါင်း ဒီကနေ့ပြန်လွှတ်ပေးလိုက်တာဟာ ၇ ယောက်လို့ ကျွန်တော်တို့သိထားပါတယ်၊ အဲဒီ ၇ ယောက်လုံးဟာ ထောင်ထဲမှာ အတူတူနေခဲ့ကြရတာလားခင်ဗျာ။

"မနေဘူး၊ ကျွန်တော်တို့နေတာ အဲဒီ ၃ ယောက်ထဲပဲ"

ဗွီအိုအေ။ ။ ဆရာတို့ကို အခုပြန်လွှတ်ပေးလိုက်တာဟာ ဘယ်လိုအခြေအနေတွေကြောင့် ပြန်လွှတ်ပေးလိုက်တာလဲခင်ဗျ။

"ကျွန်တော်တို့ကို သိရှိသလား မေးကြည့်ပြီးတော့ မရှိမှန်းသိတော့ လွှတ်တဲ့သဘောပဲ၊ ကျွန်တော်တို့ အဲဒီလိုပဲ ခံယူပါတယ်"

ဗွီအိုအေ။ ။ ဟုတ်ကဲ့၊ နောက်တခါ နိုင်ငံရေးဘယ်တော့မှ မလုပ်ပါဘူးဆိုတဲ့ ကတိပြုခံဝန်ချက်လက်မှတ်တွေရော ဆရာတို့ ထိုးခဲ့ကြရလားခင်ဗျ။

"အဲဒါတွေကတော့ နောက် ဒီလိုမလုပ်ပါနဲ့ဆိုတာမျိုး လုပ်ထားတာတော့ရှိတယ်။ ဒါပေမယ့် ထောင်ထဲမှာတော့ မဟုတ်ပါဘူး။ အုပ်ထိန်းသူအမည်နဲ့ အမျိုးသမီးကိုထားပြီးတော့ အဲဒီ အမျိုးသမီးကို warning ပေးတဲ့အနေနဲ့ ဒီလိုနောက်တခါကျရင် ဒီလိုမဖြစ်စေဖို့ ဘာဖို့ ဒါတွေ ပါပါတယ်"

ဗွီအိုအေ။ ။ ဟုတ်ကဲ့၊ ဆရာတို့ကိုဖမ်းထားရတာကရော ဘာကြောင့်ဖမ်းတယ်လို့ သူတို့ဘက်က ရှင်းပါသလဲခင်ဗျ။

"မရှင်းဘူး"

ဗွီအိုအေ။ ။ ဆရာတို့အခုလိုမျိုး ပြန်ပြီးတော့ လွှတ်လာကြတဲ့အတွက် ဒီပြည်တွင်းပြည်ပက ဆရာတို့ကို စိတ်ဝင်တစား စောင့်ကြည့်နေကြတဲ့လူတွေအတွက် ဘာများပြောချင်ပါသလဲခင်ဗျာ။

"အခုလိုပြန်လွှတ်တာက ကျွန်တော်တို့အပေါ်မှာ အပြစ်ရှာစရာတွေမတွေ့လို့ ပြန်လွှတ်တယ်လို့ ကျွန်တော်တို့ခံယူတယ်လေ။ ၃၄ ရက်ကြာတယ် ကျွန်တော်၊ ရတဲ့အမြတ်တခုကတော့ အဲဒီထောင်ထဲမှာ ဝန်ထမ်းတွေက ကျွန်တော်တို့ကို စစ်ဆေးတယ်၊ စစ်ကြောတယ်၊ အဲဒါကို ကျွန်တော်တို့ကို နိုင်ငံရေးစကား ဝန်ထမ်းတွေနဲ့ အပြင်မှာ လုံးဝပြောလို့မရပါဘူး။ ဒါပေမယ့် ထောင်ထဲမှာတော့ အဲဒီအခွင့်အရေးရတော့ ဒါတော့ အမြတ်ပဲလို့ ကျွန်တော်ယူဆပါတယ်"

ဗွီအိုအေ။ ။ ကျွန်တော်တို့သိထားသလောက်ဆိုလို့ရှိရင် အဖမ်းခံထားရတဲ့လူတွေထဲမှာ သံဃာတော်တွေရော၊ ကျောင်းသား ပြည်သူတွေရော တော်တော်များများပါဝင်ပါတယ်။ ဆန္ဒပြပွဲမှာမပါဘဲနဲ့ ဘေးမှာရပ်ကြည့်နေတဲ့သူတွေတောင်မှ ဖမ်းထားတယ်ဆိုတော့ အဲဒီပုဂ္ဂိုလ်တွေနဲ့ရော ဆရာတို့ ထောင်ထဲမှာ တွေ့ဆုံခဲ့ပါသလားခင်ဗျ။

"သံဃာတော်တွေတော့ ကျွန်တော်တို့ဘေးမှာတော့ သံဃာတော်တွေ အများကြီးပဲ။ ပထမဦးဆုံး ပဲခူးဆရာတော်လည်း ပါပါတယ်။ နောက်ပြီးတော့ မဂ္ဂင်ဆရာတော်လည်း ပါပါတယ်။ ကျွန်တော်တို့လိုင်းက သူတို့စစ်ဆေးချက်အရဆိုလို့ရှိရင် စင်ပြိုင်အစိုးရ ဖော်မလိုလို ဘာလိုလို သတင်းရလို့ ကျွန်တော်တို့ကို ထိန်းသိမ်းတဲ့သဘောလို့ ကျွန်တော်တို့ အဲဒီလိုပဲ ခံယူတယ်" ဦးကျင့်ရှင်းထန် ပြောပြသွားတာဖြစ်ပါတယ်။

အဲန်အယ်လ်ဒီပါတီက ဦးမြင့်သိန်း၊ နောက် ဦးဟန်ဇော်၊ ဦးဗလနဲ့ ဒေါ်လဲ့လဲ့တို့ကိုတော့ ဆက်သွယ်လို့မရ သေးပါဘူး။ သူတို့တွေအားလုံးဟာလည်း ပြီးခဲ့တဲ့စက်တင်ဘာလထဲမှာ ဖမ်းဆီးခံခဲ့ကြရတာပါ။ သူတို့ရဲ့ကျန်းမာရေး အခြေအနေတွေဟာလည်း ဆိုးဆိုးဝါးဝါးမရှိဘူးလို့ ကြားရပါတယ်။ ရန်ကုန်မြို့က အမျိုးသားရေးဦးဝင်းနိုင်ရဲ့အိမ်က တယ်လီဖုန်းဟာလည်း အခုချိန်ထိ ပြတ်တောက်နေတုန်းပါပဲ။ အခုလိုမျိုး သူတို့ပြန်လွှတ်လာတာတွေနဲ့ ပတ်သက်ပြီးတော့ အဲန်အယ်လ်ဒီပါတီရဲ့ ပြောခွင့်ရပုဂ္ဂိုလ်တဦးဖြစ်တဲ့ ဦးဉာဏ်ဝင်းကိုလည်း ဆက်သွယ်မေးမြန်းထားပါတယ်။

ဗွီအိုအေ။ ။ ဆရာတို့ အဲန်အယ်လ်ဒီပါတီကထုတ်ပြန်ထားတဲ့ စာရင်းတွေအတိုင်းဆိုလို့ရှိရင် ပြီးခဲ့တဲ့လတွေအတွင်းက အဖမ်းခံခဲ့ရတဲ့သူ အဲန်အယ်လ်ဒီပါတီဝင်ပေါင်း ၂၀၀ လောက်ရှိတဲ့အထဲက အခုလိုမျိုး ပြန်လွှတ်လာတဲ့လူတွေကို ဖယ်လိုက်မယ်ဆိုရင် ဘယ်လောက်များ ကျန်သေးလဲခင်ဗျ။

"တပြည်လုံးအနေနဲ့ဆိုရင် ၁၅၀ လောက်ကျန်သေးတယ်ဗျ"

ဗွီအိုအေ။ ။ ဒီ ၁၅၀ လောက်က ဆက်ပြီးတော့ အဖမ်းခံထားရတယ်၊ သူတို့တွေ ဘယ်ထောင်တွေမှာရှိတယ်ဆိုတာရော ဆရာတို့ သိခွင့်ရလားခင်ဗျ။

"တချို့လည်း နည်းနည်းပါးပါးသိတယ်။ တရားဝင်သိခွင့်ကတော့ တခုမှမရှိဘူး။ များသောအားဖြင့် မသိတာများတယ်"

ဗွီအိုအေ။ ။ တချို့တွေကို ပြန်လွှတ်ပေးနေတဲ့အထဲမှာ ဆရာတို့ အဲန်အယ်လ်ဒီပါတီဝင် ၁၅၀ လောက်က ဆက်ပြီးတော့ အဖမ်းခံနေရတာက ဘယ်လိုအခြေအနေတွေကြောင့်လို့ ဆရာတို့တွက်ပါသလဲခင်ဗျ။

"အခုဖြစ်ခဲ့တဲ့ အရေးအခင်းတွေ ကုန်စျေးနှုန်းကြီးမြင့်တဲ့ဟာ၊ သံဃာတွေ မေတ္တာပို့ချီတက်တာ၊ ဒီဟာတွေအားလုံးအတွက် ကျွန်တော်တို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို စွပ်စွဲချင်တဲ့သဘောဖြစ်လို့ အဲန်အယ်လ်ဒီ အများကြီး အဖမ်းခံနေရတာဖြစ်ပါတယ်"

ဗွီအိုအေ။ ။အခုလိုမျိုး ပြန်လွှတ်ပေးတာတွေ ရှိနေပေမယ့်လည်း အဖမ်းခံထားရတဲ့လူတွေနဲ့ ပတ်သက်ပြီးတော့ရော အာဏာပိုင်တွေကို ဘာများပြောချင်ပါလဲခင်ဗျ။

"ကျွန်တော်တို့ပြောချင်တာကတော့ဗျာ၊ တရားဥပဒေနဲ့ညီညွတ်သော ဖမ်းဆီးမှု၊ တရားဥပဒေနဲ့ ညီညွတ်သော ထိန်းသိမ်းမှုတွေပဲ ဖြစ်စေချင်ပါတယ်ဗျာ" အဲန်အယ်လ်ဒီပါတီက ပြောရေးဆိုခွင့်ရှိသူတဦးဖြစ်တဲ့ ဦးဉာဏ်ဝင်း ပြောပြသွားတာပါ။

နိုင်ငံရေးအကျဉ်းသားတွေနဲ့ ပတ်သက်လာလို့ရှိရင် ပြည်ပမှာ တက်တက်ကြွကြွ လုပ်ကိုင်နေတာကတော့ ထိုင်းနိုင်ငံအခြေစိုက် အေအေပီပီ ဆိုတဲ့ အဖွဲ့ပါပဲ။ အဲဒီအဖွဲ့က လက်ထောက်အတွင်းရေးမှူးဖြစ်တဲ့ ကိုဘိုကြည်ကို မြန်မာအာဏာပိုင်တွေဘက်က အခုလိုမျိုး ပြန်လွှတ်ပေးတဲ့ကိစ္စအပေါ်မှာ ဘယ်လိုသဘောထားတွေရှိပါသလဲလို့ ကျွန်တော်ဆက်သွယ်မေးမြန်းထားပါသေးတယ်။

ဗွီအိုအေ။ ။ဖမ်းဆီးထားတဲ့လူတွေ အများကြီးထဲကနေပြီးတော့ တချို့တချို့ကိုပဲ ပြန်ပြီးတော့ လွှတ်ပေးနေတဲ့သဘောက ဘာကြောင့်လို့ ကိုဘိုကြည်တို့အနေနဲ့ ယူဆပါသလဲခင်ဗျ။

"ဒီ လွှတ်တယ်၊ ဖမ်းတယ်ဆိုတဲ့ဟာက သူတို့က နိုင်ငံရေး ရေချိန်တွေပေါ်မှာကြည့်ပြီးတော့ ကစားနေတဲ့ဟာမျိုးဖြစ်တယ်။ Activists တွေကို ဖမ်းလိုက်တယ်၊ နောက် တိုင်းရင်းသားခေါင်းဆောင်တွေကို ဖမ်းလိုက်တဲ့အချိန်မှာ နိုင်ငံတကာရဲ့ဖိအားတွေက သိသိသာသာတက်လာမယ်၊ အဲဒီလိုပဲ ဒီနိုင်ငံတကာဖိအားတွေ သိသိသာသာတက်လာတာကို ပြန်လျှော့ကြဖို့အတွက် သူတို့က ပြန်လွှတ်လိုက်တယ်။ ဒီလို ပုံစံမျိုးနဲ့လုပ်လာတာက နှစ်ပေါင်းများစွာကြာနေပြီ။ သူတို့စတက်ကတည်းက လုပ်နေတာဖြစ်တယ်။ ဆိုတဲ့အခါကျတော့ လွှတ်လိုက်တယ်ဆိုပေမယ့် ဒီလူတွေကို နောက်ထပ် ထပ်မဖမ်းပါဘူးလို့ အာမခံချက်က ရှိတာမဟုတ်ဘူး။ ဒီဟာက နိုင်ငံတကာက လည်း သိပြီးသားပါ။ ဒီလိုအချိန်မျိုးမှာတော့ သူတို့ နိုင်ငံတကာကို ဒီလိုမျိုး လူတွေကိုလွှတ်ပြလိုက်ရုံနဲ့ နိုင်ငံတကာရဲ့ဖိအားတွေက လျှော့ကျသွားမှာ မဟုတ်ဘူး။ နောက်တခုက မစ္စတာဂမ်ဘာရီရော မစ္စတာပီညဲရိုးရော မြန်မာနိုင်ငံကို လာတော့မှာဖြစ်တာကိုး။ အဲလိုဖြစ်တဲ့အခါကျတော့ တချို့ ဒီခေါင်းဆောင်တွေကို ထောင်ထဲမှာပေးတွေ့မယ့်အစား သူတို့ အပြင်မှာထုတ်ပြီးတော့ ပေးတွေ့တာမျိုးက သူတို့အတွက် ပိုပြီးသင့်တော်မယ်ထင်လို့ သူတို့က လွှတ်ပေးလိုက်တာမျိုးလည်း ဖြစ်နိုင်တယ်"

ဗွီအိုအေ။ ။ဟုတ်ကဲ့၊ အခုလိုမျိုး တချို့ကိုပြန်လွှတ်ပေးတာမျိုး မြန်မာစစ်အစိုးရက လုပ်နေပေမယ့်လည်း အချိန်အကြာ ကြီးဖမ်းဆီးခံထားရတဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ ဦးတင်ဦးတို့ ဦးဝင်းတင်တို့ကို အခုချိန်ထိ ပြန်မလွှတ်ပေးသေးဘဲနဲ့ ထားတာဟာ ဘာကြောင့်လို့ ကိုဘိုကြည်တို့ သုံးသပ်ပါသလဲခင်ဗျ။

"ဒါ သူတို့ရဲ့ တကယ့်စစ်မှန်တဲ့ တွေ့ဆုံဆွေးနွေးအဖြေရှာရေးကို လိုလားတယ်ဆိုတဲ့ ခြေလှမ်းမျိုးကို သိပ်မပြဘူးလို့ပဲ ဒီလိုပဲသုံးသပ်ရမှာပဲ။ တကယ်လို့ စစ်မှန်တဲ့တွေ့ဆုံဆွေးနွေး အဖြေရှာမှုကို လိုလား တယ်ဆိုလို့ရှိရင် ဒေါ်အောင်ဆန်းစုကြည်တို့ကို လွှတ်ပေးရမယ်၊ ထောင်ထဲမှာရှိနေတဲ့ ဦးဝင်းတင်တို့ မင်းကိုနိုင်တို့ ကိုကိုကြီးတို့ အစရှိသဖြင့် ဒီလိုလူတွေ နိုင်ငံရေးအကျဉ်းသားတွေအကုန်လုံး အရင်လွှတ်ပေးရမှာဖြစ်တယ်။ အဲလိုလွှတ်ပေးပြီးတဲ့အခါမှာ ကိုယ့်အမျိုးသားအချင်းချင်း တွေ့ဆုံဆွေးနွေးလိုက်မယ်ဆိုရင် ကျွန်တော်တို့က ကြားလူတောင်မလိုဘဲနဲ့ ကိုယ့်ဟာနဲ့ကိုယ် ဖြေရှင်းနိုင်တဲ့အဆင့်မျိုးရှိတယ်။ အခုဟာ သူတို့က ခေါင်းမာနေတဲ့အခါကျတော့ ကြားလူတွေ၊ ဥပမာ လုံခြုံရေးကောင်စီလိုဟာမျိုးတွေက ပါဝင် ပတ်သက်နေရတာမျိုးဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာဖြစ်နေတဲ့ကိစ္စက ကျွန်တော်တို့ အမျိုးသားအချင်းချင်း တွေ့ဆုံဆွေးနွေးအဖြေရှာလိုက်ရင် လွယ်လွယ်လေးပြီးတဲ့ကိစ္စပဲ"

ဗွီအိုအေ။ ။အခုဆိုလို့ရှိရင် ခုန ကိုဘိုကြည်ပြောသလိုပဲ ကုလသမဂ္ဂဘက်က ထိပ်တန်းအရာရှိကြီးတွေဖြစ်တဲ့ မစ္စတာဂမ်ဘာရီတို့ မစ္စတာပီညဲရိုးတို့ မြန်မာပြည်ကို သွားရောက်စစ်ဆေးပြောဆိုတာတွေ လုပ်တော့မယ်ဆိုတော့ သူတို့ရဲ့ခရီးစဉ်မတိုင်ခင်မှာ နာမည်ရှိတဲ့နိုင်ငံရေးခေါင်းဆောင်တချို့ကို ပြန်လွှတ်ပေးလိုက်တဲ့အတွက် သူတို့ခရီးစဉ်မှာ သူတို့ရဲ့ ရည်ရွယ်ချက်တွေက အတိုင်းအတာတခုအထိ အရှိန်လျော့သွားမယ့်သဘော မြင်ရလားခင်ဗျ။

"အဲဒီလိုမျိုးတော့ ကျွန်တော်တို့မတွေ့ရပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ မစ္စတာပီညဲရိုးက မြန်မာနိုင်ငံမှာဖြစ်ပျက်နေတဲ့ လူ့အခွင့်အရေးအခြေအနေတွေကို သူကသေသေချာချာ တွေ့ဆုံမေးမြန်းပြီးတော့ ဆန်းစစ်မှာဖြစ်ပါတယ်။ သူက သမာသမတ်ကျတဲ့လူလည်း ဖြစ်တယ်ဆိုတဲ့အခါကျတော့ အမှန်ကို အမှန်အတိုင်းမြင်ပြီးတော့ သူမြင်တဲ့အတိုင်းကိုပဲ အလိုအပိုမရှိဘဲနဲ့ စဉ်းစားဆုံးဖြတ်ပြီးတော့ တင်သွင်းသွားပါလိမ့်မယ်။ ဒီအပေါ်မှာတော့ ကျွန်တော်တို့ နှောင့်နှေးစရာ၊ ရုတ်လျှော့သွားစရာအကြောင်း ဘာမှမတွေ့ပါဘူး"

ဗွီအိုအေ။ ။ဟုတ်ကဲ့၊ မစ္စတာဂမ်ဘာရီရဲ့ ခရီးစဉ်အနေနဲ့ကရော။

"မစ္စတာဂမ်ဘာရီရဲ့ခရီးစဉ်အနေနဲ့ကလည်း သူက တွေ့သင့်တွေ့ထိုက်တဲ့သူတွေနဲ့ တွေ့ပြီးတော့ နိုင်ငံရေးအရအဖြေရဖို့အတွက် သူက ဝိုင်းစဉ်းစားပေးမယ့်၊ ရှာကြံပေးမယ့်အဆင့်မျိုးနဲ့၊ နောက်တခုက လုံခြုံရေးကောင်စီကို သူတွေ့တဲ့အတိုင်းကို ပြန်တင်ပြမယ့်အဆင့်ပဲရှိပါတယ်။ သူက အဆုံးအဖြတ်ပေးနိုင်တဲ့သူ မဟုတ်တဲ့အတွက် အဆုံးအဖြတ်ပေးနိုင်တဲ့ နိုင်ငံရေးခေါင်းဆောင်တွေ၊ ကမ္ဘာ့ခေါင်းဆောင်တွေကနေပြီးတော့ ဒီအပေါ်မှာ သူ့ရဲ့ တင်ပြချက်တွေအပေါ်မှာသုံးသပ်ပြီးတော့ ဘာဆက်လုပ်ရမလဲဆိုတာကို အဖြေရှာရမှာဖြစ်ပါတယ်" ■

---

## မန္တလေးက အဖွဲ့ဝင် (၃၂)ဦး ပြန်လည်လွှတ်မြောက်လာ

***ဒီဗွီဘီ၊ ၃၁ အောက်တိုဘာလ၊ ၂၀၀၇***

မန္တလေးတိုင်းအတွင်းက ဖမ်းထားသူတွေထဲက (၃၂) ဦးကိုလဲ မန္တလေးထောင်ကနေ ပြန်လွှတ်ပေးခဲ့ပါတယ်။ ပြန်လွှတ်လာသူတွေ အထဲမှာ လွှတ်တော်ကိုယ်စားလှယ်တွေဖြစ်တဲ့ ဦးတင်အောင်အောင်၊ ဦးမောင်မောင်သန်း၊ ဒေါက်တာလှအောင်နဲ့ လူရွှင်တော် ဦးပါပါလေး၊ မတ္ထီလာမြို့က အဖွဲ့ချုပ်အတွင်းရေးမှူး၊ ဒေါ်မြင့်မြင့်အေးတို့ ပါဝင်ပါတယ်။ တိုင်းစည်းအဖွဲ့ဝင် ကိုမျိုးနိုင်လဲ ပါပါတယ်။ မတ္တရာမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန်းလွင်နဲ့ တိုင်းစည်းအဖွဲ့ဝင် ဒေါ်ဝင်းမြမြ၊ အဖွဲ့ချုပ်ဝင် ရွှေခမောက် ကိုရွှေမောင်တို့ အပါအဝင် (၈) ဦးကိုတော့ မန္တလေးထောင်မှာ ဆက်လက်ဖမ်းဆီးထားဆဲဖြစ်တယ်လို့ မန္တလေးတိုင်းစည်းအဖွဲ့ဝင် ကိုမျိုးနိုင်က ပြောပြပါတယ်။ ပြန်လွှတ်လာသူတွေရဲ့ အခြေအနေကတော့ ဦးမြင့်သိန်းအပါအဝင် (၇) ဦးဟာ ကျန်းမာရေးသိပ်ပြီး မကောင်းကြဘူးလို့ သိရပါတယ်။ ဒီအကြောင်းနဲ့ ပတ်သက်ပြီး အဖွဲ့ချုပ်ပြန်ကြားရေးအဖွဲ့ဝင် ဦးဉာဏ်ဝင်းက အခုလို ပြောပြပါတယ်။

"သူတို့ လေးယောက်စလုံးကတော့ ကျန်းမာရေးသိပ်မဆိုးပါဘူး။ ဒါပေမဲ့ ချက်ခြင်းပဲ ကျန်းမာရေး စစ်နေကြတာပေါ့လေ။ ဦးမြင့်သိန်းကတော့

ဒီနေ့အထိ ရုံးမလာနိုင်သေးဘူး။ သူက အစာအိမ်ရောဂါ၊ လိပ်ခေါင်းရောဂါဆိုတော့ သမားတော်တယောက်နဲ့ သွားရောက်စစ်ဆေးနေတယ်လေ။ လူတွေကတော့ အားလုံးကို တော်တော်ပိန်ကျသွားတာပေါ့။ ဝိတ်တော်တော်လျော့သွားတယ်။ ဦးဟန်ဇော်ဒီနေ့တွေ့တယ်။ သူကတော့မိဝဲနေကြဆေး ချက်ခြင်းရတာပေါ့။ သူ့ဆီက သိရတာကလေ သူတို့ အဲဒီအင်းစိန်ထဲမှာ ဆရာဝန်ခေါ်တော့လဲ ခေါ်ပေးတယ်။ ဆရာဝန်ကိုလဲ သူက သူစားသုံးနေကျ နှလုံးဆရာဝန်က ဘာတွေပေးတယ်၊ ဘာညာပြောတော့ ဆရာဝန်က ဆေးပေးဖို့အကုန်လုံးစီစဉ်တယ်။ ဒါပေမဲ့လို့ ဆရာဝန်က ဆေးလက်မှတ်တာပေးတာ ဆေးမရဘူး။ အဲဒီလို အခြေအနေနဲ့ သူက ရင်ဆိုင်ရတာ။ အမှန်ကတော့ သူတို့ကို ကြီးကြပ်တဲ့ အဆောင်မှူးတွေက မပေးတာပေါ့။ ဆရာဝန်က ဒီဆေးတွေပေးဖို့ပြောပြီးသား အန်တီလဲ ကျန်းမာရေး အခြေအနေကောင်းပါတယ်။ သူလဲ နဂိုရ်က ခပ်ဝဝလေ နည်းနည်းတော့ လက်တွေ့ကျသွားတယ်။ ရုံးတော့ အပြည့်မတက်နိုင်ကြသေးဘူးပေါ့နော်။ နည်းနည်း နားဖို့တော့ လိုနေကြတယ်။” အင်းစိန်ထောင်က ပြန်လွှတ်လာတဲ့ အဖွဲ့ချုပ်ဝင်တွေရဲ့ ကျန်းမာရေးအခြေအနေနဲ့ ပတ်သက်ပြီး အဖွဲ့ချုပ် ပြန်ကြားရေးအဖွဲ့ဝင် ဦးဉာဏ်ဝင်းပြောပြသွားတာဖြစ်ပါတယ်။ အဖွဲ့ချုပ် ပြန်ကြားရေး အဖွဲ့ဝင် ဦးမြင့်သိန်း အိမ်ကိုရောက်ရောက်ချင်း ဆေးသွားစစ်ရတယ်လို့ ဇနီးဖြစ်သူ ဒေါ်ဆွေဆွေသိန်းကလဲ အခုလို ပြောပြထားပါသေးတယ်။

“ည (၁၀) နာရီလောက်ရောက်ပါတယ်။ အခု မယ်ဒီကယ်လ်ချက်ကပ် လုပ်နေတယ်။ ဆေးခန်းမှာပါ။”

ဒီဗွီဘီ။ ။ ဘယ်တော့လောက် ပြီးမလဲ မယ်ဒီကယ်လ်ချက်ကပ်။

“မသိဘူး သူက နေရမလားမသိဘူး။ နှစ်ပတ်လောက်တော့လေ။ အိမ်ကနေ မနက်ကမှ သွားတာပေါ့။”

ဒီဗွီဘီ။ ။ သူ လက်ကိုင်ဖုန်းတော့ ပါသွားလား။

“ဟင့်အင်း မရှိဘူးလေ။ ပြန်မရဘူး။ အဲဒါတွေက သိမ်းထားလိုက်တယ်။”

ဒီဗွီဘီ။ ။ ဘယ်ဆေးခန်းမှာ ပြနေလဲ အခု။

“ရွှေဗဟိုရ်မှာပါ။”

ဒီဗွီဘီ။ ။ ဟုတ်ကဲ့ အဲဒါဆိုတော့ အိမ်ကို ဘယ်အချိန်လောက် ပြန်ရောက်မလဲခင်ဗျ။

“ရောက်မှာ မဟုတ်ဘူး။ အဲဒီဟာ ခွဲပြီးမှပဲ ပြန်လာမှာလေ။”

ဒီဗွီဘီ။ ။ ရောဂါတွေက ဘာတွေဖြစ်တယ်ပြောလဲ။

“အင်း အဲဒါတွေကတော့ နောက်နှစ်ရက်သုံးရက်နေမှ သိရမှာပါ။”

ဒီဗွီဘီ။ ။ အခုလို လွှတ်ပေးတာနဲ့ ပတ်သက်လို့သူ့ရဲ့ ဇနီးမယား တဦးအနေနဲ့ ဘာပြောချင်လဲဗျ။

“ဩော် လွှတ်ပေးတဲ့အတွက် ကျမ ကျန်းမာရေးအမြန်ဆုံး စောင့် ရှောက်နိုင်တဲ့အတွက် ဝမ်းသာပါတယ်။”

ဒီဗွီဘီ။ ။ ထောင်ထဲမှာရောက်သွားတော့ ကျန်းမာရေးက ပိုဆိုးလာ လားဗျ။

“ဟုတ်ကဲ့ အစားလဲ မစားနိုင်ဘူး။ ဝိတ်တွေလဲကျသွားတယ် လေ။ အခုမှ အနာနဲ့ ရောဂါနဲ့ ဘာဆိုတာသိပြီးတော့ ဆေးကုသလို့ရမှာ ဟိုတုန်းကတော့ ဘာဆိုတာ အသေအချာမသိသေးတော့ သက်သာ အောင်ပဲ လောလောဆယ် အစာအိမ်အတွက် ဆေးတွေပေးထားတာ ကို။”

ဒီဗွီဘီ။ ။ ဦးမြင့်သိန်းပုံက ထောင်ထဲဝင်သွားတဲ့ပုံနဲ့ ထွက် လာတဲ့ ပုံနဲ့ပေါ့နော် ဘယ်လိုကွာလဲဗျ။

“(၁၅) ပေါင်လောက် ကျသွားတယ်။ ဝိတ်ကျသွားပြီ။” မနေ့ညပိုင်းက အင်းစိန်ထောင်ကပြန်လွှတ်လာတဲ့ လွှတ်တော်ကိုယ်စား လှယ် ဦးမြင့်သိန်းရဲ့ ကျန်းမာရေးအခြေအနေနဲ့ ပတ်သက်ပြီး ဇနီးဖြစ်သူ ဒေါ်ဆွေဆွေသိန်းကို မေးမြန်းခဲ့တာပါ။ မန္တလေးထောင်က ပြန်လွှတ်လာ တဲ့ မတ္တီလာမြို့နယ် အဖွဲ့ချုပ်အတွင်းရေးမှူး ဒေါ် မြင့်မြင့်အေးလဲ ကျန်းမာ ရေးကောင်းပေမဲ့ ထောင်တွင်းအစားအစာ ညံ့ဖျင်းမှုကြောင့် ခန္ဓာကိုယ် အတော်လေးပိန်ကျသွားတယ်လို့ မိသားစုဝင်တွေက ပြောပြပါတယ်။ ဒေါ် မြင့်မြင့်အေး ပြန်လွှတ်လာနဲ့ ပတ်သက်ပြီး သူ့ရဲ့ မိသားစုဝင်တဦးက အခုလို ပြောပြပါတယ်။

“မနေ့ညက ဒီကိုရောက်တာတော့ မနက်ခင်း သုံးနာရီခွဲ။ ကျနော်တို့ဆီက အကြောင်းကြားသွားတာကတော့ မန္တလေးကနေပြီး တော့ မိတ္ထီလာကိုလှမ်းအကြောင်းကြားတာလေ။ သူတို့ အက်စ်ဘီတွေ ကို လှမ်းအကြောင်းကြားတာပေါ့။ လာခေါ်ဖို့ အကြောင်းကြားတာ။ မိတ္ထီလာက လာခေါ်ဖို့လို့ ပြောတော့ သူက မိတ္ထီလာက မထွက်ခင်က တည်းက ဒေါက်တာသိန်းလင်းကို ပြောပစ်ခဲ့တာ ကျနော်တို့တော့ လာ ခေါ်ဖို့တော့ မှာနေပြီဆိုပြီးတော့၊ ပြောသွားတာ (၉) နာရီလောက်က ပြောသွားတာ။ ပြောသွားတော့ သူတို့ ဒီက မိတ္ထီလာက ကားငှားပြီး တော့သွားတယ်။ သွားပြီးတော့ ဟိုကနေဒီကိုပြန်လာတယ်။ ပြန်မောင်း လာတာပေါ့ ပြန်မောင်းလာတော့ ဒီကိုရောက်တာ မနက်ခင်း (၉) နာရီခွဲပဲ။ မနက်ခင်း သုံးနာရီခွဲ မအိပ်ပဲနဲ့စောင့်တာ။ ဟိုကားတစီး ဆလွန်းကား တစီးပါတယ်။ ဆိုင်ကယ် ငါးစီးလောက်တော့ ပါတယ်။ ဟိုက ကားတစီးနဲ့ ပါတယ်။ ဒီကျမှ သူတို့ သက်ဆိုင်ရာလူကြီးတွေနဲ့ လူကြီးတွေပါ ပါတယ် နဲ့ တူပါတယ်။ ကျနော်တို့ ဒီဖောင်မှာ သူတို့ စာရေးထားပြီးသားပေါ့လေ။ ကွန်ပျူတာနဲ့ ရိုက်ထားတဲ့စာပေါ်မှာတော့ ကျနော်တို့အမေကို ဒီမှာ ပြန်လည်ရောက်ရှိကြောင်းဆိုတဲ့ဥစ္စာ လက်မှတ်ထိုးပေးလိုက်ရတယ်။ အဲဒီအပေါ်ရေးထားတဲ့စာတွေကလဲ သူတို့ ပုဒ်မ (၁၄၄) နဲ့ သူတို့ ဆူပူမှု လှုံ့ဆော်မှုထဲမှာပါလို့ခေါ်ထားတဲ့ ထိန်းသိမ်းတာကနေပြီးတော့ နောက် မပါဖို့ဘာညာ စာကတော့ အကုန်အဲလိုကတော့ ရေးထားတာပဲ။ အဲလို မျိုးဆန်ဆန်ပဲ ရေးထားတဲ့ဟာကို ဒီကနေပြီးတော့ အဲလိုမျိုးခေါ်ထားတဲ့ ဟာကနေ ပြန်လည်ပြီးတော့ လွှတ်ပေးတဲ့ဟာကို ဒီအမေကနေပြီးတော့ ဒီအိမ်ပြန်ရောက်ရှိတယ်ပေါ့။ အဲဒီသဘောမျိုး လက်မှတ်ထိုးပြီး ယူထား လိုက်ရတယ်။ လက်မှတ်ထိုးပြီး သူတို့ ပြန်ပေးလိုက်ရတာ။” ဒေါ် မြင့်မြင့် အေး ပြန်လွှတ်လာတဲ့အခြေအနေနဲ့ပတ်သက်ပြီး မိသားစုဝင်တဦး ပြော ပြသွားတာဖြစ်ပါတယ်။ ■

“မြန်မာပြည်အခြေအနေမှန်အား ပြည်သူလူထု အချိန်မီသိရှိနိုင်ရန်အတွက်”

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွှတ်မြောက်နယ်မြေ) ဗဟိုသတင်းနှင့် ပြန်ကြားရေးဌာနမှ သတင်းစုဆောင်း ထုတ်ဝေဖြန့်ချိလိုက်ပါသည်။

**Contact: + 66 861 946 711**
**E-mail; shwekhamauk@gmail.com**
**Web site:www.shwekhmauk.wordpress.com**

***ဓမ္မသည် အဓမ္မကို နိုင်မြဲ။ ***
***လူထုတိုက်ပွဲ အရှိန်အဟုန်မြှင့်တင်ကြ***

## စစ်အစိုးရအား အာဆီယံမှ ဖိအားပေးရန် [၈၈] မျိုးဆက်ကျောင်းသားများ တောင်းဆို

*ရေဝတီ၊ ၃၁ အောက်တိုဘာလ၊ ၂၀၀၇*

နိုင်ငံတကာအသိုင်းအဝန်းက တောင်းဆိုသည့် တွေ့ဆုံဆွေးနွေးရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးတို့ကို မြန်မာစစ်အစိုးရက မသိကျိုးကျွံပြုနေပါက မြန်မာနိုင်ငံအား အာဆီယံအဖွဲ့ဝင်အဖြစ်မှ ဆိုင်းငံ့ထားရန် ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်များက တောင်းဆိုလိုက်သည်။

၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်များဖြစ်ကြသည့် ကိုထွန်းမြင့်အောင်၊ မနီလာသိန်းနှင့် ကိုစိုးထွန်းတို့ (၃)ဦး လက်မှတ်ထိုးကာ စင်ကာပူနိုင်ငံ ဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးထံသို့ ပေးပို့သည့်စာတွင် မြန်မာစစ်အစိုးရအနေဖြင့် အတိုက်အခံများနှင့် အဓိပ္ပာယ်ပြည့်ဝသည့် တွေ့ဆုံဆွေးနွေးပွဲ ပြုလုပ်ရန်လည်း တိုက်တွန်းထားသည်။

အာဆီယံအဖွဲ့အနေနှင့်လည်း ၁၉၉၀ ရွေးကောက်ပွဲတွင် အနိုင်ရသည့် အန်အယ်လ်ဒီပါတီနှင့် တိုင်းရင်းသားကိုယ်စားလှယ်များ ပါဝင်ရေးဆွဲခွင့်မရသည့် စစ်အစိုးရ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို လက်မခံကြောင်းကို ကြေညာရန်လည်း ၈၈ ကျောင်းသားခေါင်းဆောင်များ၏စာတွင် တိုက်တွန်းထားသည်။

စင်ကာပူနိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဂျော့ယိုသည် အာဆီယံအဖွဲ့၏ အလှည့်ကျဥက္ကဋ္ဌဖြစ်ပြီး နိုဝင်ဘာလ(၁၇) ရက်နေ့မှ (၂၃) ရက်နေ့အထိ အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို စင်ကာပူနိုင်ငံတွင် ပြုလုပ်မည်ဖြစ်သည်။ မြန်မာနိုင်ငံသည် ၁၉၉၇ ခုနှစ်တွင် အာဆီယံ အဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့ သည်။

ထိန်းသိမ်းထားသည့် နိုင်ငံရေးအကျဉ်းသားအားလုံးကို လွှတ်ပေးရန်၊ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံဆွေးနွေးပွဲစတင်ရေးတို့အတွက် အာဆီယံအဖွဲ့က စစ်အစိုးရအား ပိုမိုဖိအား ပေးသွားရန်ကိုလည်း ၈၈ ကျောင်းသားခေါင်းဆောင်များ၏ ပေးစာတွင် တောင်းဆိုထားသည်။

ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် မစ္စတာ အီဘရာဟင် အေဂန်ဘာရီသည် လာမည့် စနေနေ့တွင် မြန်မာနိုင်ငံသို့ ၅ ရက်ကြာ သွားရောက်မည်ဖြစ်ပြီး စတုတ္ထအကြိမ် သွားရောက်မည် ဖြစ်သည်။

စစ်အစိုးရက ချီတက်ဆန္ဒပြပွဲများကို အကြမ်းဖက်ဖြိုခွဲခဲ့ပြီး စက်တင်ဘာလ ၂၉ ရက်နေ့ကလည်း မြန်မာနိုင်ငံသို့တကြိမ် သွားရောက်ခဲ့သည်။ ၎င်းအကြိမ်သွားရောက်ခဲ့စဥ်က မစ္စတာဂန်ဘာရီသည် ဒေါ်အောင်ဆန်းစုကြည်နှင့် (၂) ကြိမ်တွေ့ဆုံခဲ့ပြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အပါအဝင် နအဖ ခေါင်းဆောင်များကိုလည်း တွေ့ဆုံခဲ့သည်။

၈၈ ကျောင်းသားခေါင်းဆောင်များသည် စစ်အစိုးရ၏ လိုက်လံဖမ်းဆီးခြင်းကိုရှောင်တိမ်းရင် အာဆီယံအဖွဲ့သို့ အထက်ပါစာကို ပေးပို့ခဲ့ခြင်းဖြစ်ပြီး ကျောင်းသားခေါင်းဆောင်များဖြစ်ကြသည့် ကိုမင်းကိုနိုင်၊ ကိုမင်းဇေယျာ၊ ကိုကိုကြီး၊ ကိုဌေးကြွယ်နှင့် ကိုပျုံးချိုတို့အပါအဝင် ၈၈ ကျောင်းသားအဖွဲ့ဝင် (၄၀) ကျော်ကို ဖမ်းဆီးထားကြောင်း စာတွင်ဖော်ပြထားသည်။ ■

## [၈၈] မျိုးဆက်ကျောင်းသူ မမီးမီး၏ ကျန်းမာရေးအတွက် မိသားစု စိုးရိမ်ပူပန်နေ

*ဒီဗွီဘီ၊ ၁ နိုဝင်ဘာလ၊ ၂၀၀၇*

စစ်အစိုးရရဲ့ဖမ်းဆီးမယ့်ဘေးက တိမ်းရှောင်နေရတဲ့ ၈၈ မျိုးဆက်ကျောင်းသူ မမီးမီးရဲ့ ကျန်းမာရေးအတွက် အထူးစိုးရိမ်ကြောင်း ခင်ပွန်းသည် ကိုလှမိုးက ပြောပါတယ်။ မမီးမီးဟာ ဩဂုတ် (၂၂) ရက် ငြိမ်းချမ်းစွာ ချီတက်ဆန္ဒပြပွဲမှာ ဦးဆောင်ခဲ့ပြီးကတည်းက ရှောင်တိမ်းနေရပြီး မိသားစုနဲ့မတွေ့ရတော့တာလို့ ကိုလှမိုးက ပြောပါတယ်။ မမီးမီးကို ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် ကိုဌေးကြွယ်တို့နဲ့အတူ လွှန်ခဲ့တဲ့ အောက်တိုဘာ (၁၃) ရက် မနက်မှာ အာဏာပိုင်တွေက ဖမ်းဆီးသွားတယ်ဆိုတာ သတင်းမီဒီယာတွေရဲ့ ပြောပြချက်အရပဲ သိခဲ့ရတယ်လို့ ကိုလှမိုးက ပြောပါတယ်။ ဒီဗွီဘီနှင့် ၈၈ မျိုးဆက်ကျောင်းသူ မမီးမီး၏ခင်ပွန်း ကိုလှမိုး ဆက်သွယ်မေးမြန်းထားပါတယ်။

ကိုလှမိုး – အခုချိန်ထိ ဘာအဆက်အသွယ်မှ ကျနော်တို့မိသားစုနဲ့ မရရှိပါဘူးခင်ဗျ။ မမီးမီးတို့၊ မနီလာသိန်းတို့ လှည်းတန်းမှာစပြီးတော့ သမိုင်းလမ်းဆုံမှာ သူတို့စထွက်တဲ့နေ့ကစပြီးတော့ အခုအချိန်ထိ ကျနော်နဲ့ လုံးဝအဆက်အသွယ်မရှိပါဘူးခင်ဗျ။ အဲဒီကတည်းက သူက ရှောင်တိမ်းပြီးတော့ လှုပ်ရှားနေတဲ့သူဖြစ်ပါတယ်ခင်ဗျ။ အဲဒီကတည်းက သူက မိသားစုနဲ့ ကင်းကွာသွားရပါတယ်ခင်ဗျ။ ဒီကြားထဲမှာတော့ သူနဲ့ကျနော်နဲ့ ဘာမှ အဆက်အသွယ်မရရှိခဲ့ပါဘူးခင်ဗျ။

ဒီဗွီဘီ – မမီးမီးဟာ နှလုံးအားနည်းတဲ့ရောဂါရှိတယ်သိရပါတယ်။ အခုလို ဘယ်ရောက်လို့ရောက် မှန်းမသိ၊ အဆက်အသွယ်လည်း မရှိတဲ့အပေါ် ဘယ်လိုပူပန်မိပါသလဲ။

ကိုလှမိုး – စိတ်ပူမိတယ်ခင်ဗျ၊ မိသားစုဝင်တယောက်အနေနဲ့လေ။ သူက ၉၆ သာယာဝတီထောင်ကို ပါသွားတဲ့အချိန်အခါတုန်းက သာယာဝတီထောင်ထဲမှာ သူက ဝမ်းကိုက်ပိုးရောဂါလည်း ခံစားရတယ်။ လေးဖက်နာလည်းဖြစ်တယ်ခင်ဗျ။ အဲဒီရောဂါတွေကို သာယာဝတီထောင်က အထွက်မှာ တော်တော်လေးကို ခံစားရတယ်ခင်ဗျ။ သူ့ရဲ့ကျန်းမာရေးကို ကျနော်တို့က မနည်းကိုပြန်ကုထားရတာ။ အဲဒါကြောင့် အခုလိုအခြေနေမျိုးမှာ ဘာသတင်းမှလည်းမကြားဘူး၊ မိသားစုနဲ့ကလည်း အဆက် အသွယ်မရှိတဲ့အခါကျတော့ သူဘယ်ရောက်နေလဲ၊ သူ့ရဲ့ကျန်းမာရေး အခြေအနေကောင်းရဲ့လား၊ ဒါမှမဟုတ် သူဟာ တခုခုများ ရောဂါဝေဒနာကို ပြင်းထန်စွာ



ခံစားနေရလား၊ ကျနော်တို့မှာ သူ့ရဲ့ အသက်အန္တရာယ်ကအစ အရမ်းစိတ်ပူနေရတယ်ခင်ဗျ။

ဒီဗွီဘီ – သက်ဆိုင်ရာအာဏာပိုင်တွေကိုရော သွားရောက်မေးမြန်းစုံစမ်းတာ မလုပ်ဘူးလား။

ကိုလှမိုး – သက်ဆိုင်ရာတွေဆီတော့ ကျနော်မစုံစမ်းဘူးခင်ဗျ။ စုံစမ်းလည်း ဘာမှသူတို့က တိကျတဲ့အဖြေ သူတို့ဆီမှာ ရှိတာမှမဟုတ်ဘဲခင်ဗျ။ ဟိုတနေရာသွားလည်း "သူတို့မသိပါဘူး၊ ဒီမှာ မရှိပါဘူး"၊ ဒီတနေရာသွားလည်း "သူတို့မသိပါဘူး၊ မရှိပါဘူး" ဆိုတဲ့အဖြေမျိုးတွေ ကျနော်တို့က အမြဲကြားနေရတာပဲလေ။

ဒီဗွီဘီ – ဟုက်ကဲ့၊ ကိုလှမိုးတို့ မိသားစုဝင်ဘယ်လောက်ရှိလဲ ဆိုတာရော ပြောပေးနိုင်မလား။

ကိုလှမိုး – ကျနော့်မှာ ကျနော်ရယ်၊ မမီးမီးရယ်၊ သမီးရယ်၊ သားတယောက်၊ ကျနော်တို့မိသားစု (၄) ယောက်ရှိတယ်ခင်ဗျ။ သမီးကအကြီးပါခင်ဗျ။ သားကအငယ်ပါခင်ဗျ။ သမီးဆို အခု (၁၆) နှစ် ခင်ဗျ။ ဒီနှစ် (၁၀) တန်းတက်နေပါတယ်ခင်ဗျ။ (၁၀) တန်းဖြေနေပါတယ်။ သားဆိုလို့ရှိရင် (၁၄) နှစ်။ ဒီနှစ် (၈) တန်းဖြေဖို့ တက်နေပါတယ်ခင်ဗျ။ ကျနော်တို့ ပြီးခဲ့တဲ့ စက်တင်ဘာ (၂၆) ရက်နေ့တုန်းကဆိုရင် လူထုဆန္ဒပြတုန်းက ကျနော်တို့ လမ်းမပေါ်ထွက်ပြီးဆန္ဒပြတဲ့အချိန်မှာ အဲဒီ ဆန္ဒပြတဲ့စစ်ကြောင်းထဲမှာ သားဆိုရင် အိမ်ကလူတွေမသိအောင် အဲဒီစစ်ကြောင်းထဲကို လိုက်သွားပါတယ်ခင်ဗျ။ လိုက်သွားပြီးတော့ ဒီကြားထဲမှာ သူ့အမေကို တွေ့လိုတွေ့ငြား တွေ့ရမလား ဆိုပြီးတော့လိုက်သွားတာ ကျိုက္ကဆံဘုရားနားအထိ ရောက်သွားတယ်ခင်ဗျ၊ ကျနော့်သားက။ မတွေ့ခဲ့ရဘူးခင်ဗျ။ နောက်မှ အိမ်ကမိသားစုတွေက သိတော့ မေးတဲ့အခါကျတော့ "အမေကြီးကိုတွေ့ချင်လို့၊ အမေကြီးများ ရှိမလားဆိုပြီး တွေ့လိုတွေ့ငြား လိုက်ရှာတယ်" ဆိုပြီး ပြောပါတယ်ခင်ဗျ၊

ဒီဗွီဘီ – ဟုက်ကဲ့၊ ဇနီးသည် မမီးမီးအနေနဲ့ မိသားစုအရေးထက် ဒီမိုကရေစီရေးမှာ မြှုပ်နှံထားတဲ့အချိန်များနေတော့ ခင်ပွန်းသည်တယောက်အနေနဲ့ ဘယ်လို မြင်မိပါသလဲ။

ကိုလှမိုး – ကျနော့်အမျိုးသမီးက သူ့ရဲ့နိုင်ငံရေးကိုတော့ ကျနော် အရမ်းလေးစားပါတယ်။ တော်လည်းတော်ပါတယ်။ သူက အများအတွက်ကို ကိုယ့်အတွက်မဟုတ်ဘဲနဲ့ အများအတွက်ကို စွန့်လွှတ်အနစ်နာခံခဲ့ရတယ်။ ၈၈ တည်းက သူကစွန့်လွှတ်အနစ်နာခံခဲ့ရတယ်။ အခုချိန်အထိလည်း သူက စွန့်လွှတ်အနစ်နာခံနေတုန်းပဲ။ နောင်လည်း စွန့်လွှတ်အနစ်နာခံနေဦးမယ်ဆိုတာ အင်မတန် ဖြူစင်မွန်မြတ်တဲ့ အမျိုးသမီးတယောက်ပါခင်ဗျ။

ဒီဗွီဘီ – သားနဲ့ သမီးကရော မိခင်အပေါ် ဘယ်လိုသဘောထားရှိပါသလဲ။

ကိုလှမိုး – သားနဲ့သမီးကတော့ အမြင်ကြည်လင်ပါတယ်ခင်ဗျ။ အမြင်ကြည်လင်အောင်လည်း ကျနော်တို့က သားနဲ့သမီးကို အမြဲပြောပြတယ်ခင်ဗျ။ ဒါတွေဟာ ကျနော်တို့က ကိုယ့်အတွက်မဟုတ်ဘဲနဲ့ အများအတွက်ကို စွန့်လွှတ်အနစ်နာခံနေတယ်၊ ပေးဆပ်နေတယ်ဆိုတာကို သမီးနဲ့ သား နားလည်တဲ့ပုံစံမျိုး ကျနော်တို့ အမြဲပြောပြထားပါတယ်ခင်ဗျ။ ကျနော်က အမျိုးသားတယောက်အနေနဲ့လည်း ကျနော့်အမျိုးသမီးအတွက် ကျနော် အမြဲတမ်း ဂုဏ်ယူနေပါတယ်ခင်ဗျ။ ■

---

## ပခုက္ကူမြို့က သံဃာတော်များ မေတ္တာပို့ကြွချီမှုကို သာသနာ့ဥသျှောင်အဖွဲ့က ထောက်ခံကြောင်း ကြေညာချက် ထုတ်ပြန်

*ဗွီအိုအေ ၊ ၁ နိုဝင်ဘာလ၊၂၀၀၇*

ပခုက္ကူမြို့ကသံဃာတော်တွေအပါးတရာကျော် အောက်တိုဘာလ ၃၁ ရက်နေ့မနက်ရှစ်နာရီလောက်က လမ်းမတွေပေါ်ထွက်ပြီး မေတ္တာပို့ကြွချီခဲ့ကြတာနဲ့ပါတ်သက်လို့ မကြာခင်ကမှ ပြည်ပမှာဖွဲ့စည်းခဲ့တဲ့ သာသနာ့ဥသျှောင် အပြည်ပြည်ဆိုင်ရာမြန်မာရဟန်းတော်များအဖွဲ့ချုပ်က ကြေညာချက်တစောင်ထုတ်ပြန်လိုက်ပါတယ်။ဒီကြေညာချက်ထဲက အဓိကအကြောင်းအရာတွေကို သံဃာ့ဥသျှောင်အဖွဲ့ရဲ့ ပဓါနစာရ မစိုးရိမ်ဆရာတော်ဘုရားကြီး ဦးကောဝိဒက အခုလိုဖတ်ကြားပြပါတယ်။

"ပခုက္ကူမြို့တွင် သံဃာတော်များ၏ ငြိမ်းချမ်းစွာ ဆန္ဒပြမှုများသည် အမျိုးဘာသာ သာသနာအတွက်ဖြစ်၍ ဓမ္မဝိနိယနှင့် ညီသောကြောင့် သာသနာ့ဥသျှောင် အပြည်ပြည်ဆိုင်ရာ မြန်မာရဟန်းတော်များအဖွဲ့ချုပ် ဆန္ဒနှင့် တထပ်တည်းဖြစ်၍ ထောက်ခံဆန္ဒပြုလိုက်ပါသည်။ အချုပ်နှင့်ထောင်အသီးသီးတွင် ညင်းပန်းနှိပ်စက်ခံနေရ၊ ထောင်ကျခံနေရရှာသော အပြစ်မဲ့ သံဃာတော်များအား အမြန်လွှတ်ပေးရန်၊ စစ်တပ်နှင့် ဘုရားကျောင်းကန်မှာ လုံးဝမလျော်ကန်သော မြင်ကွင်းဖြစ်၍ သာသနာ့မြေပေါ်ဝယ် စစ်တပ်က ဖိနပ်စီး၍ ဝင်ရောက်မှု၊ တပ်စွဲထားမှုများ ဖယ်ရှားပေးရန် တောင်းဆိုလိုက်ပါသည်။ ကျေးရွာရပ်ကွက်၊ မြို့နယ် အသီးသီးတွင် အုပ်ချုပ်နေကြသော စစ်ဖက်၊ နယ်ဖက် အာဏာပိုင်များသည် သက်ဆိုင်ရာ မိမိတို့မြို့နယ်များတွင် သီတင်းသုံးသာသနာပြုနေသော ဆရာတော်၊ သံဃာတော်များ၏ အဆုံးအမဩဝါဒကို ရိုသေစွာခံယူကြလျက် ကိုယ့်မြို့၊ ကိုယ့်ရွာ ငြိမ်းချမ်းအောင် ဆရာနှင့် ဒကာ ညီညာစွာ ထိန်းသိမ်းနေထိုင်ကြဖို့ကို အလေးအနက်ထား၍ တိုက်တွန်းမေတ္တာရပ်ခံအပ်ပါသည်။ အမျိုးဘာသာ၊ သာသနာအတွက် သံဃာဆန္ဒပြပွဲများ ပြုလုပ်နေသော သံဃာတော်များ ဘေးအန္တရာယ်မကျရောက်အောင် ဒကာ၊ ဒကာမများက ပူးပေါင်းပါဝင်ကာ စောင့်ရှောက်ပေးခြင်း၊ ထောက်ပံ့ကူညီခြင်းစတဲ့ မွန်မြတ်သော ကိစ္စကိုပြုပေးရန်သာသနာ့ ဥသျှောင်၊ အပြည်ပြည်ဆိုင်ရာ မြန်မာရဟန်းတော်များအဖွဲ့ချုပ်က မေတ္တာရပ်ခံပါကြောင်း အသိပေးကြေညာလိုက်ပါသည်။ အမျိုးဘာသာ၊ သာသနာ ရောင်ဝါနေသို့ လင်းစေသော်။ မစိုးရိမ် ဆရာတော်ကြီးဦးကောဝိဒ (ပဓါနစာရ ဆရာတော်)၊ ပီနန်ဆရာတော်ကြီး ဦးပညာဝံသ (ဥက္ကဋ္ဌ ဆရာတော်)။"

ဆရာတော်ဦးကောဝိဒဟာ သက်တော် (၈၀) ဝါတော် (၆၁)ဝါရ ကိုယ်တော်ကြီးပါ။ ပခုက္ကူ သံဃာတော်တွေရဲ့ မနေ့က မေတ္တာပို့ကြွချီခဲ့ကြတဲ့အပေါ်ဆရာတော်တွေရဲ့သုံးသတ်ချက်တွေသိနိုင်ဖို့ သာသနာ့ ဥသျှောင်အဖွဲ့ရဲ့ဥက္ကဋ္ဌ အဖြစ် တာဝန်ယူဆောင်ရွက်နေတဲ့ ပီနန်ဆရာတော်ကြီး ဦးပညာဝံသကို အရင်ဆုံးလျှောက်ထားမေးမြန်းပါတယ်။

"ပခုက္ကူမြို့ဝယ် သံဃာ (၂၀၀)ကျော်လောက်က ငြိမ်းချမ်းစွာ ဆန္ဒပြတယ်ဆိုတော့ ဘုန်းကြီးတို့ အပြည်ပြည်ဆိုင်ရာ မြန်မာသံဃာတော်များအဖွဲ့ချုပ်ကလည်း တထပ်တည်းပဲ ထောက်ခံဆန္ဒပြုပါတယ်လို့ ပြောရမှာပေါ့။ ရတနသုတ်၊ ယံကေစိဝိတ္တံကို သစ္စာပြုပြီးတော့ မြတ်စွာဘုရားရဲ့ ဂုဏ်ကျေးဇူး၊ တရားတော်ရဲ့ ဂုဏ်ကျေးဇူး၊ သံဃာတော်ရဲ့ ဂုဏ်ကျေးဇူးကို ယုံယုံကြည်ကြည်နဲ့ မြန်မာပြည်သူပြည်သားအပေါင်း ချမ်းသာအောင်လုပ်လို့ရှိရင် လုံးဝအန္တရာယ်ကင်းမယ်ဆိုတာ ဘုန်းကြီးတို့ အပြည်ပြည်ဆိုင်ရာ မြန်မာသံဃာ့အဖွဲ့က မမှိတ်မသုန်ယုံကြည်တဲ့ အကြောင်းကိုလည်း အားလုံးတိုင်းပြည်ကို သိစေအပ်ပါတယ်။ အထူးသဖြင့်ကတော့ ဘုန်းကြီးတို့ ပြည်တွင်းမှာ နေကြတဲ့ ဆရာတော်၊ သံဃာတော်တွေက သူတို့ရဲ့ ပြည်တွင်းရဲ့အခြေအနေကို သူတို့က ပိုပြီးတော့ သိပါတယ်။ လိုအပ်သလိုကို ဆက်လက်ပြီးတော့ လုပ်ကိုင်သွားပါ အရှင်ဘုရားတို့ရဲ့ ဆန္ဒအတိုင်း တပည့်တော်တို့သည် ထပ်တူထပ်မျှ ပြည်ပမှာ ရောက်နေတဲ့ အပြည်ပြည်ဆိုင်ရာ မြန်မာသံဃာ့အဖွဲ့ချုပ်ကလည်း မြန်မာ

ပြည်မှာရှိတဲ့ ဆရာတော်၊ သံဃာတော်တွေ၊ ပြည်သူပြည်သားတွေရဲ့ ဆန္ဒအတိုင်းတထပ်တည်း ဘုန်းကြီးတို့က စိတ်ရောကိုယ်ပါ ပူးပေါင်းဆောင်ရွက်သွားမယ်ဆိုတာကို မမိုတ်မသုန်အားလုံး ယုံကြည်ကြပါလို့ဘုန်းကြီးတို့က ပန်ကြားချင်တယ်။ အမျိုးဘာသာ၊ သာသနာအတွက် အခုလို လုပ်ကြတဲ့အတွက်ကို ဒကာ၊ ဒကာမတွေအားလုံးက သဘောပေါက်ဖို့လည်း လိုတယ်။ တချို့ကျတော့ ပြောလာကြတယ်။ နိုင်ငံရေးပဲ သံဃာတော်တွေနဲ့ မဆိုင်ဘူး။ နိုင်ငံရေးနဲ့ သာသနာရေးကို နားမလည်တဲ့သူတွေပြောတာ နားမယောင်နဲ့လို့ အဲဒါလဲ ပြောဖို့လိုတယ်။ နိုင်ငံတော်ကြီးက သာသာယာယာမရှိပေလို့ရှိရင် နိုင်ငံတော်ကြီးအတွင်းမှာ သူခိုးတွေ၊ဓါးမြတွေ၊ ရက်စက်ကြမ်းကြုတ်တဲ့ သူတွေပေါနေရင် တိုင်းပြည်သာသနာတော်လည်း အရောင်တွေ လွှမ်းမိုးသွားမှာပေ့ါ။ အဲဒါကြောင့်မိုလို့ ဒီလိုဖြစ်ပျက်နေတာကို သံဃာတော်တွေက ဘေးအန္တရယ်မှ ကင်းသွားပါစေ။ အမျိုးဘာသာ၊ သာသနာတော်ကြီး ဒီအတိုင်းဆိုရင်တော့ ဘေးအန္တရာယ်အမျိုးမျိုး ကျရောက်တော့မယ်ဆိုပြီးတော့ ဆရာတော်တွေက ဝိနည်းဒေသနံနဲ့ အညီလုပ်ကိုင်နေတာကို ဘုန်းကြီးတို့ သံဃာတော်တွေနဲ့ မြန်မာပြည်မှာရှိသော ပြည်သူပြည်သား အပေါင်းကလည်း သဘောပေါက်လာဖို့ လိုတယ်။ အဲဒီတော့ ဆရာတော်တွေရဲ့ ဆောင်ရွက်ချက်ကို စိတ်ရောကိုယ်ပါ ပူးပေါင်းပြီးတော့၊ သူတို့ရဲ့ လိုအပ်ချက်တွေ ကို ထောက်ပံ့ပေးခြင်း၊ စောင့်ရှောက်ပေးခြင်း၊ ကူညီပေးခြင်း၊ ပစ္စည်းလေးပါးလှူခြင်း အစရှိတဲ့ မွန်မြတ်တဲ့ ကိစ္စတွေကို ပြုပေးပါလို့။”

ပီနန်းဆရာတော် ဦးပညာဝံသဟာ သက်တော် (၈၀)၊ ဝါတော် (၆၀)ရ ကိုယ်တော်ကြီးပါ။ အခု ပခုက္ကူကိစ္စကိုပဲ မစိုးရိမ်ဆရာတော် ဦးကောဝိဒရဲ့ အမြင်ကို သိနိုင်ဖို့ မေးမြန်းလျှောက်ထားခဲ့ပါသေးတယ်။

ဗွီအိုအေ။ ။ အရင်တခေါက်ကလည်း ပခုက္ကူဆရာတော်တွေက ငြိမ်းငြိမ်းချမ်းချမ်းစခဲ့တယ်၊ အခုတခေါက်တော့ ငြိမ်းငြိမ်း ချမ်းချမ်းလုပ်ခဲ့တာ ဒီနေ့အထိတော့ ဘာမှ ပြသနာမရှိသေးပါဘူးဘုရား။ တဖက်မှာလည်း မြန်မာအာဏာပိုင်တွေကအကြမ်းဖက်နှိပ်ကွက်မှာကို လူတော်တော်များများ စိုးရိမ်နေကြတယ်။ ဒီလိုစိုးရိမ်မှုတွေအတွက် အရှင်ဘုရားတို့ဖက်က ပြည်ပရောက်သံဃာတော်တွေအနေနဲ့က ဘာတွေများ ဆောက်ရွက်ပေးနိုင်ပါလဲဘုရား။

“အန္တရယ်ကင်းပါတယ်။ နောက်ထပ်လဲ လုပ်ရဲရင်လုပ်ကြည့်ပေါ့။ ဒါပဲရှိတာပဲ။ ဘုန်းကြီးတို့က သူတို့လို လက်နက်နဲ့ ပြန်ပြီးလုပ်နိုင်တာတော့ မရှိဘူး။ ဘောဓိပင်နဲ့ ရွှေပုလင်မှာ မြတ်စွာဘုရား သီတင်းသုံးနေတဲ့အခါမှာ မာနတ်က လာပြီးတော့ ပုလင်လုတယ်မဟုတ်လား။ ပုလင်လုတဲ့အခါ မြတ်စွာဘုရားက လက်နက်နဲ့ပြန်ပြီးတော့ ကာကွယ်တာလား။ မေတ္တာနဲ့ ကာကွယ်တာလား။ ဘုရားသားတော်က ဘုရားနည်းလမ်းအတိုင်းပဲ လုပ်နိုင်မှာပဲ။ ဘုရားနည်းလမ်းအတိုင်းပဲ ကာကွယ်နိုင်မှာပဲ။ သူတို့လိုတော့ လက်နက်နဲ့ ပြန်လုပ်မဲ့ အစီအစဉ်မရှိပါဘူး။ မြတ်စွာဘုရားက မေတ္တာဓါတ်နဲ့ပဲ ပြန်ပြီးတော့ အောင်မြင်သလို၊ ဘုန်းကြီးတို့ကလည်း မေတ္တာနဲ့ပဲ ပြန်ပြီးတော့ အောင်မြင်မှာ ဖြစ်ပါတယ်။ သူတို့ သတ္တိရှိလို့လုပ်ရဲရင် လုပ်ကြည့်ပေ့ါ။ ဘုန်းကြီး ဒီကနေပြောပါတယ်။ ပခုက္ကူတွင် မဟုတ်ပါဘူး။ နောက်တခြား မြို့တွေကလဲ လာမှာဖြစ်ပါတယ်။ လာမှာကို စောင့်ကြည့်ပါအုံး။ ဘုန်းကြီးတို့ ပြည်ပရောက် သံဃာတွေကလည်း အရမ်းညီညွတ်ပြီးတော့ အရမ်းကြိုးစားနေတာပဲ။ အပြည်ပြည်ဆိုင်ရာ အဖွဲ့ကနေ အခုကြိုးစားနေပြီလို့။ ပြည်တွင်းက သံဃာတော်တွေက တို့သံဃာတော်အဖွဲ့ကို အားကိုးကြတယ်။ တို့ ပြည်ပက သံဃာတော်တွေကလည်း ပြည်တွင်းကို အားကိုးကျတယ်။ အပြန်ပြန်အလှန်လှန် သာသနာတော်ကိုကာကွယ်မှာဖြစ်ပါတယ်။”

မြန်မာစစ်အစိုးရကတော့ ပြီးခဲ့တဲ့လအတွင်း မေတ္တာပို့ ကြွချီခဲ့ကြတဲ့ နိုင်ငံတဝှမ်းက ထောင်နဲ့ သောင်းနဲ့ချီတဲ့ သံဃာတော်တွေကို သံဃာအတုတွေလို့ ပြောဆိုနေတာနဲ့ ပက်သက်ပြီး ပီနန်းဆရာတော် ဦးပညာဝံသရဲ့သဘောထား ဘယ်လိုရှိသလဲဆိုတာကိုလည်း လျှောက်ထားကြည့်ပါသေးတယ်။

ဗွီအိုအေ။ ။ သံဃာတော်တွေကို မြန်မာစစ်အစိုးရက သံဃာအတုတွေလို့စွပ်စွဲနေပါတယ် ဘုရား။ ဒီကိစ္စကိုအရှင်ဘုရားတို့ ဘယ်လို့များ မိန့်ချင်ပါလဲ ဘုရား။

“ဘုန်းကြီးတို့ သံဃာအတုအစစ်ဆိုတာက သူတို့ဖက်မပါတဲ့ သံဃာဘုန်းကြီးကို သူတို့က အတုလို့ပြောနေတာကိုး။ သူတို့မှာ အစစ်အတုလို့ ဝိနည်းဒေသနာအရ စစ်တပ်အစိုးရမှာ ဆုံးဖြတ်ခွင့်ရှိသလား။ ဘုန်းကြီးတို့ ဗမာပြည်မဟုတ်ပါဘူး။ ကမ္ဘာတခုလုံးက သဘောပေါက်ဖို့လိုတယ်။ ဘယ်လို စမ်းသပ်ပြီး ဆုံးဖြတ်တာလဲလို့ မေးပါ။ သူတို့က သေနတ်နဲ့ ဆုံးဖြတ်ပြီးတော့ ပြောတာလား။ အတုအစစ် ဆုံးဖြတ်ဖို့ကာဝိနည်းဒေသနာတော်နဲ့အညီ သံဃာတော်များရဲ့ လိုအပ်ချက်ပါ။ အဲဒီတော့ သံဃာတော်အဖွဲ့အစည်းကသာလျှင် ဆုံးဖြတ်ပြီးတော့ အစစ်အတုလို့ ပြောရမှာ။ သို့သော်လည်း သံဃာတော်ရဲ့အဖွဲ့အစည်းကို ဝိနည်းဒေသနာတော်နဲ့အညီ ပြောရမယ်ဆိုလို့ရှိရင် ကတိလေးပါးလိုက်စားတဲ့ သံဃာတော်တွေများကျတော့လည်း အဲဒီတရားက တရားမဝင်ပါဘူး။ ဘုန်းကြီးက ဝိနည်းတော်အရ ပြောနေရတာပါ။ ဘုန်းကြီးရဲ့ ဆန္ဒအတိုင်းမဟုတ်ပါဘူး။ အစိုးရခိုင်းတဲ့ ဘုန်းကြီးတွေရဲ့ လုပ်ရပ်တွေလည်း ဝိနည်းဒေသနာတော်နဲ့ မညီဘူး။ အဲဒီဘုန်းကြီးတွေရဲ့ ဆုံးဖြတ်တာကို အတုလို့ပြောရင် ဆုံးဖြတ်တဲ့ ဘုန်းကြီးသည် အတုဖြစ်မယ်။ အဲဒါကို အားလုံးက သိဖို့လိုပါတယ်။”

ဗွီအိုအေ။ ။ တင်ပ့ါဘုရား။ မနေ့က ဆန္ဒပြခဲ့ကြတဲ့ ကိုယ်တော်တွေဟာ ဘယ်လိုသံဃာမျိုးပါလဲဘုရား။

“ဘယ်လိုသံဃာမျိုးပါလဲဆိုတော့ ကျုပ်တို့က ထောက်ခံတယ်ဆိုတော့ သဘောပေါက်ရမယ်လေ။ သံဃာအစစ်မို့ သူတို့က ထောက်ခံတာပေ့ါ၊ တို့က အတုကို ဘယ်ထောက်ခံမလဲ။ အစိုးရပြောတဲ့ သူတို့ဖက်မပါတဲ့ ဘုန်းကြီးအတုဆိုတာတော့ ကျုပ်တို့က လုံးဝထောက်ခံမှာ မဟုတ်ပါဘူး။ သူတို့အစိုးရက သူတို့ ပြောတာကိုက ရှေ့စကား နောက်စကား ညီတာမဟုတ်ဘူး။ သူတို့ဖက်ပါတဲ့ ဘုန်းကြီးကျတော့ အတုပဲဖြစ်ဖြစ်၊ စွမ်းအားရှင်တို့၊ ကြံ့ဖွံ့တို့ စကားလုံးရွေးပြီးတော့ သဃ်န်းပတ်ထားတာ အဲဒါဘုန်းကြီးအစစ်လား။ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုပြီးတဲ့အခါကျတော့ သံဃာတော်သည် ဘုရားပဲ။ ကျုပ်တို့ရဲ့အသက်ရှိနေတဲ့ ဘုရားပဲ။ အဲဒါကို ကျုပ်တို့ ဗုဒ္ဓဘာသာတွေ သဘောပေါက်ဖို့လိုတယ်။ ဘုရားရဲ့ ကိုယ်စားဘုရားပဲ။ ဘုရားရဲ့ ကိုယ်စားဘုရားကို အစစ်လား၊ အတုလားပြောတဲ့အခါကျတော့ ပြောတဲ့သူ စစ်အာဏာရှင်ကိုယ်တိုင်က ဗုဒ္ဓဘာသာလူတွေ မဟုတ်တဲ့ သူတွေ ဖြစ်မှာပေ့ါ။ သူတို့က ဗုဒ္ဓဘာသာတရားတော်နဲ့အညီ သူတို့မှာ ပြောဆိုခွင့် လည်းမရှိဘူး။ အဲဒါကြောင့်မို့ ဗမာပြည်မှာရှိတဲ့ ဒကာ၊ ဒကာမအပေါင်းက အဲဒါတွေကို တိတိကျကျ သေသေချာချာ၊ သဘောပေါက်ထားဖို့လိုတယ်။ သူတို့ပြောတိုင်း အစစ်အတုလို့ ခွဲမယ်ဆိုရင်တော့ ဒီသာသနာဟာ ဗမာပြည်မှာ ရှိတော့မှာ မဟုတ်ဘူး။ ကွယ်ပျောက်သွားနိုင်တယ်။ အဲဒါကြောင့်မို့ မကွယ်ပျောက်အောင်ဆိုပြီးတော့ ဘုန်းကြီးတို့ အပြည်ပြည်ဆိုင်ရာ သံဃာ့အဖွဲ့က ပြည်တွင်းကသံဃာတော် ပြည်သူပြည်သားအပေါင်းတို့ရဲ့ တောင်းဆိုချက်အရ ဘုန်းကြီးတို့က ဆောင်ရွက်တာ။ အဲဒါကြောင့် လက်တွဲပြီးတော့လုပ်ဆောင်ပါ။ ဘုန်းကြီးတို့ မြင်နေကြတာက သေနတ်ကြီးကိုပဲ လက်နက်လို့မြင်နေကျတဲ့အတွက် ကျုပ်တခါတလေ ဝမ်းနည်းတယ်။ လက်နက်ဆိုတာသည် မေတ္တာလက်နက်က သူတို့ သေနတ်လက်နက်ထက်၊ နယူးကလီးယားထက်ပိုပြီး အားရှိတယ်။ ပိုကြီးကျယ်တယ်ဆိုတာ ကျုပ်တို့ဗုဒ္ဓဘာသာဝင်တွေက မမေ့ကျနဲ့။ မြတ်စွာဘုရားဟောကြားခဲ့တဲ့အတိုင်း မေတ္တာလက်နက်သည် အကြီးဆုံးလို့။ အဲဒီတော့ တိုင်းသူပြည်သားအပေါင်းကို မေတ္တာလက်နက်ကြီး ကောင်းကောင်းကိုင်ပြီးတော့ စိတ်နှလုံးကောင်းနဲ့ လုပ်ပါ။ မိမိတို့လိုချင်တဲ့ ဆန္ဒတွေ အားလုံးပြည့်ဝမယ်ဆိုတာ အပြည်ပြည်ဆိုင်ရာ မြန်မာသံဃာတော် အဖွဲ့က သစ္စာအဓိဋ္ဌာန်ပြုပြီးတော့ အာမခံတယ်လို့ပြောလိုက်စမ်းပါဗျာ။”

ဗွီအိုအေ။ ။ တင်ပ့ါဘုရား။ အခုလက်ရှိစစ်အစိုးရဟာ အမြဲတမ်းပဲ ရုပ်မြင်သံကြားတွေမှာရော၊ သတင်းစာရော၊ဘုရားတွေမှာ ထီးတွေတင်နေတယ်။ ဘုန်းတော်ကြီးတွေနဲ့ တွေ့ဆုံနေတယ်။ ကပ်လှူနေတယ်။

ဒါတွေကြီးပဲပါတော့သူတို့တွေကိုရော ဘယ်လိုဘာသာဝင်တွေလို့ ပြောမလဲခင်ဗျ။

"ဘုန်းကြီးတွေကို သတ်ဖြတ်တယ်၊ ဖမ်းတယ်၊ ထောင်ချတယ်၊ ဒါတွေကိုလုပ်ပြီးမှ သူတို့ကလှူတယ်ဆိုတော့ လူသတ်သမားတွေရဲ့ အလှူတွေပဲဖြစ်ရမှာပေါ့။ အဲဒါကြောင့် ဗမာတွေ အတွေးအခေါ်မလွဲစေနဲ့။" ■

---

## ဂန်ဘာရီအပေါ် မျှော်လင့်ချက်များနှင့် အဖွဲ့ချုပ်၊ ဝါရင့်၊ ငြိမ်းအဖွဲ့တို့ရဲ့အမြင်

*ဒီဗွီဘီ၊ ၅ နိုဝင်ဘာလ၊၂၀၀၇*

မစ္စတာဂန်ဘာရီရဲ့ခရီးစဉ်အပေါ် နိုင်ငံရေးအဖွဲ့အစည်းအသီးသီးရဲ့ မျှော်လင့်ချက်တွေကို တင်ပြပါဦးမယ်။ မစ္စတာဂန်ဘာရီ မြန်မာနိုင်ငံဆီရောက်နေတာ (၃) ရက်ကြာနေပြီဖြစ်ပေမဲ့ အခုချိန်ထိ နေပြည်တော်က မခွာနိုင်ဖြစ်နေတဲ့အပေါ် ဒီမိုကရေစီအင်အားစုတွေက သိပ်အားမလိုအားမရ ဖြစ်နေကြပါတယ်။ အခု ခရီးစဉ်ဟာ ဒုတိယခေါက်ဖြစ်တာကြောင့် ပထမခေါက်ကစထားတဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးကိစ္စကို စတင်ဖို့ဖြစ်ပေမဲ့ အခုတော့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနဲ့တောင် တွေ့ခွင့်ရ–မရ မသေမချာ ဖြစ်နေပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ကတော့ ဂန်ဘာရီနဲ့ တွေ့ခွင့်ရဖို့ မျှော်လင့်နေဆဲဖြစ်ပါတယ်။

"အခုအချိန်အထိတော့ အဖွဲ့ချုပ်နဲ့ တွေ့ဖို့ အဆက်အသွယ် လုံးဝမရှိသေးဘူး။ အဖွဲ့ချုပ်ဖက်ကတော့ ကျနော်တို့ မလာခင်ကတည်းက ပြင်ဆင်ထားပါတယ်။ အမျိုးသားရင်ကြားစေ့ရေးအတွက် အကြံပြုဆွေးနွေးဖို့အချက်တွေကို ပြင်ဆင်ပြီးသားပါ။ ဟုတ်ကဲ့ပါ ကျနော်အခုန ပြောသလို ပြင်ဆင်ထားပါတယ်။ အခုတော့ မတွေ့ရသေးပဲနဲ့ ထုတ်ဖော်ပြောဖို့လဲမသင့်သလို ကျနော်ကိုယ်တိုင်လဲ အဖွဲ့ချုပ်စီအီးစီရဲ့သူတို့ရဲ့ အချက်အလက်တွေကို ကျနော် အသေးစိတ်မသိပါဘူးခင်ဗျ။ ကျနော်တို့ကတော့ မျှော်လင့်တာက အမျိုးသားရင်ကြားစေ့ရေးအတွက် လက်ရှိအခြေအနေမှာ အန်အယ်လ်ဒီပါတီဟာ အဓိက ပါတီကြီးဖြစ်နေတဲ့အတွက် အဖွဲ့ချုပ်လူကြီးများနဲ့ မစ္စတာဂမ်ဘာရီ တွေ့သင့်တယ်။ အဖွဲ့ချုပ်လူကြီးများနဲ့ ဒေါ်အောင်ဆန်းစုကြည် တိုင်ပင်ဆွေးနွေးခွင့်ရသင့်တယ် ဒီဟာတွေကို မျှော်လင့်ချက်ထားပါတယ်ခင်ဗျာ။" အဖွဲ့ချုပ် ပြန်ကြားရေးအဖွဲ့ဝင် ဦးဉာဏ်ဝင်း ပြောသွားတာပါ။

မစ္စတာဂမ်ဘာရီရဲ့ အစီအစဉ်ထဲမှာ တိုင်းရင်းသားအဖွဲ့တွေနဲ့လဲတွေ့မယ်။ ဒီနေ့တောင် နေပြည်တော်မှာ တိုင်းရင်းသားတွေနဲ့ တွေ့နေပြီဆိုပြီးသတင်းဖြစ်နေပေမဲ့ ရန်ကုန်ရှိ နိုင်ငံရေးပါတီတွေကတော့ သူတို့ဆီ ဘာမှအကြောင်းကြားခြင်း မရှိသေးဘူးလို့ ပြောပါတယ်။ ဒါ့အပြင် အပစ်အခတ်ရပ်စဲရေး တိုင်းရင်းသားအဖွဲ့တခုဖြစ်တဲ့ မွန်ပြည်သစ်ပါတီကလဲ တွေ့မယ်ဆို တိုင်းရင်းသားအားလုံးကို စုံစုံညီညီနဲ့ လွတ်လွတ် လပ်လပ် တွေ့သင့်တယ်လို့ ပြောပါတယ်။

"ကျနော်တို့ကတော့ တိုင်းရင်းသားအဖွဲ့ အစည်းတွေ စုံစုံညီညီနဲ့လွတ်လွတ်လပ်လပ်ကို တွေ့သင့်တယ်ပေါ့နော် မစ္စတာဂမ်ဘာရီက ဒီ တိုင်းရင်းသားနိုင်ငံရေးပါတီ အဖွဲ့တွေနဲ့ရော၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေနဲ့ရော၊ လွတ်လွတ်လပ်လပ် တွေ့ဖို့သင့်တယ်ပေါ့နော်။ ကျနော်တို့က တွေ့ဆုံဆွေးနွေးရေးထဲမှာ အခုထိ အက်စ်ပီဒီစီရဲ့ တင်ပြချက်နဲ့ ဂမ်ဘာရီ တွေ့ဆုံချက်မှာ ကျနော်တို့ စေတနာမှန်နဲ့ မြန်မြန်အကောင်အထည်ဖော်ဖို့ အရေးကြီးတယ်လေ။ ဒါ ကျနော်တို့ရဲ့ တောင်းဆိုချက်ပေါ့နော်။ မြန်မြန်ဆန်ဆန်နဲ့ တွေ့ဆုံဆွေးနွေးမှု အမှန်တကယ် ထမြောက်အောင်ပေါ့နော်။ လုပ်ပေးဖို့သင့်တယ်လို့ ကျနော်တို့ တောင်းဆိုမယ်ပေါ့။ ဒီ ဂမ်ဘာရီနဲ့ တွေ့တဲ့အခါကျရင်ပေါ့နော်။ ဘာဖြစ်လို့လဲ ဆိုတော့ အက်စ်ပီဒီစီရဲ့ ကြံရွယ်ချက်ပေါ့နော် ဘယ်လိုလဲသိလဲမသိသေးဘူးလေ။ စေတနာအစစ်အမှန်နဲ့ ပြောမယ်ဆိုရင်တော့ အတိုင်းအထက်အလွန် ကောင်းပါတယ်။ ဒါပေမဲ့ တကယ့်စေတနာမှန်နဲ့ မဟုတ်ပဲနဲ့ လူထုကိုလှည့်စားဖို့ တခုခုနဲ့ ပြောလိုရင်တော့ ဒါတော့မကောင်းဘူးပေါ့နော်။ ကျနော်တို့ ပြည်သူကိုလဲလှည့်စားရာရောက်တယ်။ ကမ္ဘာကိုလဲ လှည့်စားရာကျတယ်ပေါ့နော်။ ဒီလို ကျနော်တို့ မယုံမကြည်ဖြစ်ခဲ့ရတာကလဲ ပြီးခဲ့တဲ့ တည်ဆောက်ရေးလမ်းကြောင်းပေါ်မှာ သင်ခန်းစာအများကြီးရှိခဲ့တယ်လေ။ ယုံကြည်မှုတည်ဆောက်ရေးမှာ ပြောပြီး ပြောပြီးနဲ့ ပျက်သွားခဲ့တာပေါင်းလဲ အများကြီးရှိခဲ့တယ်ဆိုတော့ ကျနော်တို့ စိုးရိမ်စိတ်နဲ့ ရှိနေတာပေါ့။ ဒီပုံစံပဲ ဂမ်ဘာရီရဲ့ ကြိုးစားမှုမှာ လမ်းမှာ တဝက်တပျက်နဲ့ ဖြစ်သွားမှာ စိုးလို့ပါ။" မွန်ပြည်သစ်ပါတီ ပြောခွင့်ရပုဂ္ဂိုလ် နိုင်အောင်မငေး ပြောသွားတာပါ၊

အခုနောက်ဆုံး တင်ပြလိုတာကတော့ စစ်အစိုးရရယ်၊ အဖွဲ့ချုပ်ရယ်၊ တိုင်းရင်းသားတွေရယ်ပေါင်းပြီး ညွန့်ပေါင်းအစိုးရဖွဲ့ဖို့ တစိုက်မတ်မတ် အကြံပြုနေတဲ့ ဝါရင့်နိုင်ငံရေးသမားများ အဖွဲ့ကနေ ဂမ်ဘာရီဆီ အကြံပြုချက် ဖြစ်ပါတယ်။

"တပ်မတော် ခေါင်းဆောင်များအနေဖြင့် တိုင်းပြည်အာဏာကို ရယူထားသည်မှာ (၁၉) နှစ်ကျော် ကြာမြင့်ပြီဖြစ်ပါသည်။ မူလက ဒိုင်လူကြီးသဖွယ် ရပ်တည်ခဲ့ရာမှ ယခုအခါ မိမိတို့ကိုယ်တိုင် နိုင်ငံရေးအင်အားစုများအဖြစ် ရပ်တည်အုပ်ချုပ်လျက် ရှိနေပါသည်။ ဖမ်းဆီးချုပ်နှောင် ထောင်ချမှုများဖြင့် ထိန်းချုပ်ထားလျက်ရှိပါသည်။ စစ်မှန်၍စည်းကမ်းပြည့်ဝသော ဒီမိုကရေစီဟူ၍ အဓိပ္ပါယ်ထွက်နေပါသည်။ အမျိုးသား အင်အားစုများအကြား ဖြစ်ပွားနေသော မသင့်မြတ်မှုများကို အမျိုးသားပြန်လည် သင့်မြတ်ရေးအတွက် ဆွေးနွေးညှိနှိုင်းအဖြေရှာရာ ဖြေရှင်းရေးမှာမလုပ်မဖြစ် တခုတည်းသော ထွက်ရပ်လမ်းအဖြစ် ကျွန်ုပ်တို့က ယုံကြည်ကြပါသည်။ ဤရည်မှန်းချက် အောင်မြင်ရေးအတွက် ကမ္ဘာ့ ကုလသမဂ္ဂနဲ့ တကွ နိုင်ငံတကာအသိုင်းအဝိုင်းမှ ကူညီဆောင်ရွက်ပေးမှုများကို ကျွန်ုပ်တို့အနေဖြင့် လှိုက်လှိုက်လှဲလှဲ ဝမ်းပမ်းတသာ ကြိုဆိုထောက်ခံပါသည်။ အထူးသဖြင့် အထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်းနဲ့ အထူးသံတမန်အကြံပေးပုဂ္ဂိုလ် မစ္စတာ ဂမ်ဘာရီတို့၏ ကြိုးပမ်းဆောင်ရွက်မှုများကို အထူးပင်အားကိုးယုံကြည်မိပါသည်။"

ရန်ကုန်ရှိ ကုလသမဂ္ဂရုံးဆီ ဒီကနေ့ပေးပို့လိုက်တဲ့ ဝါရင့်အဖွဲ့ရဲ့ အကြံပြုစာအကြောင်း အဖွဲ့ဝင်တဦးဖြစ်သူ သခင်ချန်ထွန်း ပြောသွားတာပါ။ ဒီအကြံပြုချက်ဟာ စာမျက်နှာ (၆) မျက်နှာရှိပြီး အဓိကအားဖြင့်ကတော့ (၁၉၉၉) ကတည်းက သူတို့အဖွဲ့ကနေ နအဖ ဥက္ကဋ္ဌဆီ တစိုက်မတ်မတ် တင်ပြနေတဲ့အချက်ကို အခု–ကုလသမဂ္ဂ အထူးကိုယ်စားလှယ်ဆီ တင်ပြလိုက်ခြင်းဖြစ်ပါတယ်။ ဒီအကြံပြုချက်အတိုင်းဆိုရင် (၃) ဖွဲ့ပေါင်း ညွန့်ပေါင်းအစိုးရဖွဲ့ပြီး အဲဒီအစိုးရကို (၁၉၉၀) ရွေးကောက်ခံ လွှတ်တော်အမတ်တွေကနေ ကြားဖြတ်အစိုးရအဖြစ် အတည်ပြုပေးဖို့ ၊ ပြီးရင် အဲဒီ ကြားဖြတ်အစိုးရကနေ ရွေးကောက်ပွဲအသစ်တရပ်လုပ်ပေးပြီး အရပ်သားအစိုးရသစ်တရပ်ရွေးချယ်ဖို့ စသဖြင့်အချက်တွေပါဝင်တာကို တွေ့ရပါတယ်။ ■

## ဂမ်ဘာရီ နေပြည်တော်မှာ ရှိနေဆဲ

*ဒီဗွီဘီ၊ ၅ နိုဝင်ဘာလ၊၂၀၀၇*

အမျိုးသား ပြန်လည်သင့်မြတ်ရေး လုပ်ငန်းစဉ်အတွက် ကူညီပေးဖို့ဆိုပြီး မြန်မာနိုင်ငံဆီ ရောက်ရှိနေတဲ့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရဲ့ အထူးကိုယ်စားလှယ် အီဘရာဟင် ဂမ်ဘာရီ အခုချိန်ထိ နေပြည်တော်မှာ ရှိနေဆဲလို့ သိရပါတယ်။ သူဟာ စနေနေ့ကတည်းက မြန်မာနိုင်ငံဆီ ရောက်နေတာဖြစ်ပြီး ဒီကနေ့ နအဖ နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်းနဲ့ ဒုတိယ အကြိမ်ထပ်မံတွေ့ဆုံပြီး ကုလသမဂ္ဂနဲ့ နအဖ အကြားပူးပေါင်းဆောင်ရွက်ရေးနဲ့ ကျန်နေတဲ့ရက်တွေအတွင်း သူ ဘာလုပ်နိုင်မလဲဆိုတာကို ဆွေးနွေးခဲ့တယ်လို့ ရန်ကုန်ရှိ ကုလသမဂ္ဂရုံးက သတင်းထုတ်ပြန်ထားပါတယ်။ ဒါဟာ မနေ့က ဦးဉာဏ်ဝင်းနဲ့ရော၊ ဆက်ဆံရေး ဝန်ကြီးအသစ် ဦးအောင်ကြည်နဲ့ရော တွေ့ဆုံခဲ့ပြီးတဲ့နောက် ဒီကနေ့ ဦးဉာဏ်ဝင်းကို ထပ်တွေ့ခဲ့တာဖြစ်ပါတယ်။ ဘာတွေထူးသလဲ၊ ဗိုလ်ချုပ်သန်းရွှေနဲ့ တွေ့ခွင့်ရမလား၊ ဒေါ်အောင်ဆန်းစုကြည်နဲ့ ဘယ်တော့တွေ့ခွင့်ရမလဲ စတဲ့အချက်တွေကိုတော့ ကုလသမဂ္ဂ သတင်းထုတ်ပြန်ချက်မှာ ဘာမှဖော်ပြထားခြင်းမရှိပါဘူး။ ဒါပေမဲ့ ရန်ကုန်ကနေဝင်လာတဲ့ အေဂျင်စီသတင်းတွေမှာတော့ မစ္စတာဂမ်ဘာရီဟာ ဒီကနေ့ နေပြည်တော်မှာ ဦးဉာဏ်ဝင်းနဲ့တွေ့ခဲ့သလို အိုင်စီအာစီ နိုင်ငံတကာ ကြက်ခြေနီအရာရှိတွေ၊ တိုင်းရင်းသား ကိုယ်စားလှယ်တွေနဲ့ပါ တွေ့ဆုံခဲ့တယ်လို့ ဖော်ပြထားပါတယ်။ ဒါပေမဲ့ အဲဒီ တိုင်းရင်းသားကိုယ်စားလှယ်ဆိုတာ ဘယ်သူတွေလဲ ဆိုတာကိုတော့ ရှင်းရှင်းလင်းလင်းဖော်ပြ ထားခြင်းမရှိပါဘူး။ ဒီဗွီဘီက မေးမြန်းခဲ့တဲ့ ရန်ကုန်မြို့က တိုင်းရင်းသားနိုင်ငံရေးပါတီတွေနဲ့ နယ်စပ်ရှိ အပစ်အခတ်ရပ်စဲရေး အဖွဲ့တွေကတော့ သူတို့ဆီကိုအခုချိန်ထိဘာမှ အကြောင်းကြားခြင်း မရှိသေးဘူးလို့သာဖြေကြားခဲ့ပါတယ်။ နဂို စီစဉ်ထားတဲ့အတိုင်းဆိုရင် မစ္စတာဂမ်ဘာရီဟာ မနက်ဖြန်မှာ ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့နဲ့ တွေ့ဆုံမှာဖြစ်ပြီး ဗုဒ္ဓဟူးနေ့မှာတော့ ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံမယ်လို့ သိရပါတယ်။

ဒါပေမဲ့ အရေးကြီးဆုံးပုဂ္ဂိုလ်ဖြစ်တဲ့ နအဖ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနဲ့တော့ အခုခရီးစဉ်အတွင်း တွေ့ခွင့်ရဖို့ မသေချာတော့ဘူးဆိုပြီး သတင်းတွေ ထွက်ပေါ်နေပါတယ်။ ရန်ကုန်မြို့က ဒေါ်အောင်ဆန်းစုကြည်ရဲ့ နေအိမ်ရှေ့မှာတော့ လုံခြုံရေးအင်အား နည်းနည်းလျော့ချလိုက်တယ်လို့ သံတမန်တွေက ပြောပါတယ်။ ဆန္ဒပြပွဲတွေဖြစ်နေစဉ်က လုံခြုံရေးအင်အား ရာနဲ့ချီ ရှိနေခဲ့ပြီး ပြီးခဲ့တဲ့သတင်းပတ်တွေတွင်းမှာတော့ တပ်စု တစုစာ (၂၅) ဦးခန့် လက်နက်အပြည့်နဲ့ နေရာယူထားတာ တွေ့ရပါတယ်။

ဒါပေမဲ့ ဒီကနေ့ ညနေပိုင်းမှာတော့ တပ်စိပ်တစိပ်စာ (၁၂) ဦးခန့်ကိုသာ တွေ့ရတော့တယ်လို့ သံတမန်တွေက ပြောပါတယ်။ ဒါ့အပြင် ဒေါ်အောင်ဆန်းစုကြည်ရဲ့ နေ အိမ်နောက်ကျောရှိ အင်းယားကန်အတွင်း ကင်းလှည့်နေတဲ့ စစ်ရေယာဉ်ကိုလဲ ဒီကနေ့ မတွေ့ရတော့သလို ဒေါ်အောင်ဆန်းစုကြည်နေအိမ်ရှေ့မှာ သံအိတ်တွေနဲ့ အခိုင်အမာနေရာယူထားတဲ့ ကင်းစခန်းကိုလဲမတွေ့ရတော့ဘူးလို့ အဲဒီသံတမန်တွေက ပြောပါတယ်။ ■

## ဒေါ်အောင်ဆန်းစုကြည်အတွက် စန္ဒယားအသစ်တလုံး ဝယ်ပေးရန် စီစဉ်နေ

*ဒီဗွီဘီ၊ ၅ နိုဝင်ဘာလ၊၂၀၀၇*

နာမည်ကျော် ဗြိတိသျှ ရုပ်ရှင်မင်းသမီး Maureen Lipman ဦးဆောင်တဲ့ အနုပညာရှင်အဖွဲ့က ထိမ်းသိမ်းခံနေရတဲ့ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အတွက် စန္ဒယားအသစ်တလုံး လက်ဆောင်ဝယ်ပေးဖို့ စီစဉ်နေကြောင်း The Sunday Time သတင်းစာမှာ ဖော်ပြထားပါတယ်။

“ဒေါ်အောင်ဆန်းစုကြည်ဟာ ဂီတအနုပညာကို ချစ်မြတ်နိုးသူ ဖြစ်ပါတယ်။ သူလက်ရှိအသုံးပြုနေတဲ့ စန္ဒယားကြီးက ပျက်ဆီးနေတာမို့ အခုလို အသစ်တလုံး ဝယ်ပေးဖို့ စီစဉ်ရတာပါ။ ဒါဟာ နှစ်သက်ကြည်နူးစရာ စိတ်ကူးကောင်းတခုလဲ ဖြစ်ပါတယ်”လို့ ရုပ်ရှင်မင်းသမီး (Maureen Lipman) က ပြောပါတယ်။

ဗြိတိန်အနုပညာရှင်အဖွဲ့မှာ အဆိုတော် Annie Lennox၊ ရုပ်ရှင်ထုတ်လုပ်သူ Norma Heyman နဲ့ ရန်ပုံငွေရှာဖွေသူ အနုပညာရှင် Joyce Hytner တို့လဲ ပါဝင်ပါတယ်။ အခုလောလောဆယ် ရန်ပုံငွေစုဆောင်းနေကြပြီး စန္ဒယားအသစ်ကို ရန်ကုန်မြို့ဆီ သင်္ဘောနဲ့ ပို့ဆောင်မယ်လို့လဲ သိရပါတယ်။

လွန်ခဲ့တဲ့ (၁၉) နှစ်တာ ကာလအတွင်း (၁၂) နှစ်လုံးလုံး နေအိမ်အကျဉ်းချခံထားရတဲ့ ဒေါ်အောင်ဆန်းစုကြည်ဟာ အချိန်အတော်များများကို စန္ဒယားတီးရင်း ကျော်ဖြတ်ခဲ့ရပါတယ်။ သူမနဲ့တွေ့ခွင့်ရသူတွေရဲ့အပြောအရ တက္ကသိုလ်ရိပ်သာလမ်း နေအိမ်မှာရှိတဲ့ စန္ဒယားကြီးဟာ မြန်မာပြည်ရဲ့ ပူပြင်းလှတဲ့ ရာသီဥတုကြောင့် ပျက်ဆီးယိုယွင်းနေပြီလို့လဲ The Sunday Time သတင်းမှာ ဖော်ပြထားပါတယ်။ ■

## စီအဲန်ဂျီ၊ အစိုးရသစ်ပြောင်းလဲရေး ပိုစတာများ ရန်ကုန်မြို့မှာ မျိုးဆက်သစ်လူငယ်များ လိုက်လံကပ်နေ

*ဗွီအိုအေ၊ ၂ နိုဝင်ဘာလ၊၂၀၀၇*

မြန်မာနိုင်ငံမှာ လောင်စာဆီပြဿနာကို ဖြေရှင်းတဲ့အနေနဲ့ စစ်အစိုးရက သုံးနေကျလောင်စာဆီတွေအစား စီအဲန်ဂျီ သဘာဝဓာတ်ငွေ့ကိုသုံးစွဲကြဖို့ မြန်မာစစ်အစိုးရကအားပေးမှုတွေ ရှိနေပါတယ်။ အခုရက်ပိုင်းအတွင်း အလားတူ စီအဲန်ဂျီကိုပြောင်းဖို့ဆိုပြီး လူငယ်တွေကလည်း လှုံ့ဆော်နေကြပါတယ်။ ဒီ စစ်အစိုးရရဲ့ လှုပ်ရှားမှုနဲ့ အခု လူငယ်တွေလှုပ်ရှားမှုက ဘာတွေတူပြီး ဘာတွေကွာခြားသလဲ ဦးအောင်လွင်ဦး က တင်ပြပေးထားပါတယ်။

မြန်မာစစ်အစိုးရက တိုက်တွန်းနေတဲ့ စီအဲန်ဂျီ ဆိုတာကတော့ Compressed Natural Gas ကို အတိုကောက်ခေါ်ဝေါ်ကြတဲ့ သဘာဝဓာတ်ငွေ့သုံး လောင်စာတမျိုးပါ။ ကမ္ဘာနဲ့အဝှမ်းလောင်စာဆီ ရှားပါးမှု၊ ဆီဈေးမြင့်တတ်မှုတွေကြောင့်ရော သဘာဝဓာတ်ငွေ့ကို အခြေခံတဲ့အတွက် အရင်ကလောင်စာဆီတွေထက် ပတ်ဝန်းကျင် ထိခိုက်မှု နည်းပါးတာရောကြောင့် ဒါကိုပြောင်းလဲသုံးစွဲကြဖို့ နိုင်ငံတော်တော်များများမှာ အစိုးရတွေက တိုက်တွန်းလာကြတာပါ။ အဲ ဒါပေမဲ့ အခု ပြည်တွင်းက လူငယ်တွေကလည်း အလားတူ အခေါ်အဝေါ်နဲ့ လှုံ့ဆော်မှုတွေ လုပ်နေကြတာကတော့ လောင်စာဆီပြဿနာမဟုတ်ပေမဲ့ လောင်စာဆီလို တွန်းအားလေးဖြစ်ချင်လို့ပါဆိုပြီးတော့ အခုလှုပ်ရှားမှုမှာ ပါဝင်တဲ့ လူငယ်တဦးဖြစ်သူ ကိုကျော်ကျော် က ပြောပါတယ်။

“ကျနော်တို့တွေက အဓိကကတော့ ပြည်သူတွေကို တွန်းချင်တဲ့အားလေးဖြစ်လာအောင် ဒီအရာဝတ္ထုတခုကို အားလုံးဝိုင်းပြီးတော့ စုစုစည်းစည်း အင်အားလေးနဲ့ တွန်းလိုက်မယ်ဆိုရင် ရှေ့မှာပါ။ အဲဒီလိုမျိုးတွန်းနိုင်တဲ့ ခွန်အားလေးတွေ၊ တွန်းနိုင်တဲ့စိတ်ဓါတ်လေးတွေ ဖြစ်လာအောင် ကျနော်တို့တွေက အသိလေးတွေကို လိုက်ပေးနေတာပါ။ ကျောင်းသားတွေကြားထဲမှာရော၊ ပြည်သူတွေကြားထဲမှာရော မတွန်းချင်ပဲနဲ့ ဒီအတိုင်းချည်း ညိမ်နေမဲ့အစား ဒီစနစ်ကိုတွန်းလှန်ဖို့ အတွက်က လူတိုင်း လူတိုင်းနဲ့ ကျနော်တို့ လိုက်ပြီးတော့ ပေးဝေနေ

တာပါ။ စာကပ်တာတွေလုပ်ပါတယ်။ လက်ကမ်းစာစောင်တွေ ဝေပါတယ်။ ဒါက တော့ ဟာသ သဘောလေးတွေပါတဲ့ စာရွက်လေးတွေပေ့ါနော်။ အဲဒါလေးတွေ လိုက်ပြီးတော့ ဝေပါတယ်။ နံရံတွေမှာ လိုက်ကပ်ပါတယ်။ ဒီအစိုးရကလည်း ကားတွေအကုန်လုံးကို စီအဲန်ဂျီ ပြောင်းခိုင်းနေပါတယ်။ ဟုတ်ပါတယ်၊ ကျနော်တို့အဖွဲ့ကလည်း စီအဲန်ဂျီပြောင်းချင်ပါတယ်။ စီအဲန်ဂျီရဲ့ ကျနော်တို့ ရည်ရွယ်တဲ့ အရှည်ကောက်ကတော့ Change New Government (CNG)။ ကျနော်တို့ စီအဲန်ဂျီ လိုဂိုလေး ကိုလည်း ထည့်ထားပါတယ်။ အခု စီအဲန်ဂျီ ပြောင်းတဲ့ကားတွေမှာ တပ်ရတဲ့လိုဂိုပါခင်ဗျ။ အပြာမီးတောက်လေးနဲ့ အနီ အဝိုင်းလေးပါ။ နောက်ပြီးတော့ ဗမာလို စီအဲန်ဂျီ ပြောင်းကြစို့ဆိုတာလည်း ရေးထားပါတယ်။နောက်ပြီးတော့အောက်မှာ Change New Government ဆိုတာကိုလည်း ရေးထားပါတယ်။ ကျနော်တို့ အဓိကလိုချင်တာကတော့ စီအဲန်ဂျီ လိုဂိုလေးကို မြင်လိုက်တာနဲ့တပြိုင်နက်ထဲ ပြည်သူတွေကြားထဲမှာ Change New Government ဆိုတဲ့ ဆောင်ပုဒ်ကလေးကို မြင်သွားအောင်ပါ ခင်ဗျ။”

ဒီလို စီအဲန်ဂျီ လို့အတိုကောက် သုံးစွဲထားတဲ့ အစိုးရသစ်ပြောင်းလဲ ရေး လှုံ့ဆော်မှုကို စုစည်းလှုပ်ရှားဖြစ်တာကရော ဘာကြောင့်ပါလဲ။ ဘယ်သူတွေက စိတ်ဝင်တစားပူးပေါင်းပါဝင်ကြပါသလဲ။

“စက်တင်ဘာ အရေးအခင်းပြီးသွားတဲ့နောက်ပိုင်းမှာ ကျနော်တို့ ဆက်ပြီးတော့ လှုပ်ရှားချင်ကြတယ်။ စက်တင်ဘာအရေးအခင်းမှာ အစိုးရက ရဟန်းရှင်လူ ပြည်သူတွေကို အကြမ်းဖက်နှိမ်နင်းပြီးတဲ့နောက်ပိုင်း ထပ်ပြီးတော့ နိုင်ငံရေးလှုပ်ရှားမှုလေးတွေကိုလည်း ဆက်ပြီးတော့လုပ်ချင်တယ်။ အဲဒါကြောင့် မို့လို့ ကွဲနေတဲ့အင်အားစုလေးတွေကို အကုန်လုံးစုပြီးတော့ အဖွဲ့တဖွဲ့ ဖွဲ့လိုက် တာပါ။ Generation Wave ဆိုတဲ့ နံမည်ကတော့ ကျနော်တို့ ပထမ လူငယ် တွေရဲ့အား၊ လူငယ်တွေရဲ့လှိုင်းလေးလို ရိုက်ခတ်လာတဲ့ အင်အားတွေကို လိုချင်လို့ဆိုပြီးတော့ Generation Wave လို့ ပေးလိုက်တာပါ။ ဒါပေမယ့် အခုအချိန်မှာကျတော့ ဒီ Generation Wave ဆိုတဲ့ နံမည်အပြင် ကျနော်တို့ လူငယ်အင်အားစုတွေလည်း တဖြည်းဖြည်းများလာတဲ့အတွက်ကြောင့်မို့လို့ ‘မျိုးဆက်သစ်လူငယ် အစည်းအရုံး’ ဆိုပြီး ပေးထားပါတယ်ခင်ဗျ။ ကျနော်တို့ ထဲမှာ ကျောင်းသားတွေလည်းပါပါတယ်။ ကျောင်းသားဆိုတာ တက္ကသိုလ် တက်နေတဲ့ ကျောင်းသားတွေပါပါတယ်။ နောက်ပြီးတော့ ကုမ္ပဏီဝန်ထမ်းတွေ လည်း ပါပါတယ်။ နောက် အနုပညာရှင်တချို့လည်း ပါကြပါတယ်။ နောက်ပြီး တော့ ကွန်ပြူတာပညာရှင်တချို့လည်း ပါပါတယ်။ လောလောဆယ် ကျနော်တို့ ဖွဲ့တဲ့အဖွဲ့က နိုင်ငံရေးလုပ်နိုင်တဲ့ နိုင်ငံရေးသမားတွေလည်း တယောက်မှမပါပါ ဘူး။ ကျနော်တို့အခုလုပ်နေတာကကျတော့ ဒီလက်ရှိ မြန်မာနိုင်ငံရေးမှာ ဒီ စနစ်ဆိုးကြီးကိုတွန်းလှန်ဖို့၊ အဲဒီအတွက်ကိုပဲ အဓိက ရည်ရွယ်ပြီးဖွဲ့တဲ့အဖွဲ့ပါ။ အခုလို လူငယ်ထုတွေဖက်က မြန်မာနိုင်ငံမှာ အပြောင်းအလဲတွေဖြစ်ပေါ်လာဖို့ လှုပ်ရှားမှုတွေ ရှိနေတဲ့တချိန်တည်းမှာပဲ သံဃာတော်တွေရဲ့ လှုပ်ရှားမှု တွေကလည်း သွေးထွက်သံယိုနှိမ်နင်းမှုတွေ ရှိခဲ့သည့်တိုင်အောင်အပြီးတိုင် ချေမှုန်းခံခဲ့ရတဲ့ ပုံတော့ မရှိပါဘူး။

အခုရက်ပိုင်းအတွင်း ပခုက္ကူမြို့မှာ သံဃာတော်တွေ ငြိမ်းငြိမ်း ချမ်းချမ်းနဲ့ဆန္ဒပြခဲ့ကြသေးတယ်ဆိုတော့ လူထုလှုပ်ရှားမှုတွေ နောက်တကြိမ် ပေါ်ပေါက်နိုင်တဲ့ အလားအလာတွေရှိပါသေးသလား။

“လှုပ်ရှားမှုတွေကတော့ အချိန်မရွေးပြန်ဖြစ်လာနိုင်ပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ ပြည်သူတွေအကုန်လုံးက ဒီစနစ်ဆိုကြီးကို တွန်း လှန်ချင်နေကြတာပါ။ ဒါကြောင့်မို့လို့ သူတို့ကို ရှေ့မှာ မားမားမတ်မတ် ဦး ဆောင်ပေးနိုင်မယ့် ခေါင်းဆောင်တွေ၊ မားမားမတ်မတ်ရပ်တည်ပေးနိုင်မယ့် ကျောင်းသားတွေ မရှိသေးလို့ပါ။ ဘယ်သူ့ကိုမဆို မေးကြည့်လိုက်လို့ရှိရင် သူတို့တွေအကုန်လုံးက ဒီစနစ်ဆိုးကို တွန်းလှန်ချင်တဲ့လူတွေချည်းပါပဲ။ အချိန် မရွေး ပြန်ဖြစ်လာနိုင်ပါတယ်။”

ဒါကတော့ စီအဲန်ဂျီ လှုံ့ဆော်မှုနဲ့ပတ်သက်လို့ အခု လှုပ်ရှားမှုမှာပါဝင်တဲ့ လူငယ်တဦးဖြစ်သူ ကိုကျော်ကျော်ပြောသွားတာ ဖြစ်ပါတယ်။ သူတို့အဖွဲ့က အခုလို လိုက်လံဖြန့်ဝေနေတဲ့ ဒီလက်ကမ်း လှုံ့ဆော်စာတွေကိုတော့ ရန်ကုန်မြို့နေရာတချို့မှာ တွေ့နေရတယ်လို့ လည်း မြို့ခံတွေက ပြောကြပါတယ်။ ■

---

## နအဖ လက်ကိုင်တုတ်တွေရဲ့ ရိုက်နှက်မှုကြောင့် တောင်ဥက္ကလာပမြို့နယ်မှ ပြည်သူတစ်ဦးသေဆုံး

***ဒီဗွီဘီ၊ ၅ နိုဝင်ဘာလ၊၂၀၀၇***

(၂၇) ရက်နေ့က နအဖစစ်တပ်တွေနဲ့ စွမ်းအားရှင်တွေရဲ့ ရိုက်နှက်မှုကြောင့် ရက်ရှည်ဆေးကုသမှုခံယူနေရင်း သေဆုံးခဲ့ရတဲ့ ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂) ရပ်ကွက် မာဃ (၁၄) လမ်းနေ ကိုကိုဝင်းရဲ့ ရုပ်အလောင်းကို ဒီကနေ့ ရေဝေးသုသာန်မှာ သင်္ဂြိုဟ်ခဲ့ပါတယ်။ ကိုကိုဝင်းကို စွမ်း အားရှင်တွေနဲ့ လုံထိန်းရဲတပ်ဖွဲ့တွေက ဆူးလေဘုရားအနီးမှာ ရက်ရက်စက် စက် ဝိုင်းဝန်းရိုက်နှက်ခဲ့တာဖြစ်ပါတယ်။ နောက်ကျောနဲ့ ဦးခေါင်းကို အဓိက ထား၊ ရိုက်နှက်ခဲ့တာဖြစ်ပါတယ်။ ကိုကိုဝင်းဟာ ဒဏ်ရာဒဏ်ချက်တွေနဲ့ ထွက်ပြေးလွတ်မြောက်ခဲ့ပါတယ်။ ဒါပေမဲ့ အဲဒီ ဒဏ်ရာတွေနဲ့ပဲ ဦးခေါင်းကိုက် ဝေဒနာခံစားရသလို နေ့စဉ် မူးဝေအော့အန်နေခဲ့တယ်လို့ မိသားစုဝင်တွေက ပြောပါတယ်။

နောက်ဆုံး ပြီးတဲ့ခဲ့လ (၅) ရက်နေ့ကတည်းက သဃ်န်းကျွန်း စံပြ ဆေးရုံကို အရေးပေါ်ကုသခဲ့ရပြီး အခုလ (၃) ရက်နေ့မှာ ကိုကိုဝင်း ကွယ်လွန် သွားခဲ့တာဖြစ်ပါတယ်။ အမည်မဖော်လိုတဲ့ စံပြဆေးရုံ တာဝန်ကျဆရာမ တဦးကတော့ ကျောက်ကပ်၊ အဆုပ်၊ နှလုံးနဲ့ ဦးနှောက်က ဒဏ်ရာတွေ ကြောင့် ကိုကိုဝင်း သေဆုံးခဲ့ရတာလို့ အတည်ပြုပြောဆိုပါ တယ်။ ကိုကိုဝင်းရဲ့ ရက်လည်ဆွမ်းသွတ် အမျှဝေပွဲကို အခုလ (၉) ရက်နေ့ သောကြာနေ့မှာ တောင်ဥက္ကလာပ နေအိမ်မှာကျင်းပမယ်လို့လဲ မိသားစုဝင်တွေက ပြောပါတယ်။ ကိုကိုဝင်းဟာ အဖ ဦးငွေဝင်း၊ အမိ ဒေါ်ဝင်းဝင်း မြင့်တို့ရဲ့ မွေးချင်းငါးယောက် ထဲက အကြီးဆုံးသားဖြစ်တယ်လို့လဲ မိသားစုဝင်တွေကပြောပါတယ်။ ■

---

## လျှပ်စစ်မီး ဆိုးဆိုးဝါးဝါး ပြတ်တောက်

***ဒီဗွီဘီ၊ ၅ နိုဝင်ဘာလ၊၂၀၀၇***

မန္တလေးတိုင်းအတွင်းက မြို့ရွာတွေမှာ လျှပ်စစ်မီးတွေ ဆိုးဆိုး ဝါးဝါး ပြတ်တောက်နေတယ်လို့ မြို့ခံတွေက ပြောပါတယ်။ နအဖ စစ်အစိုးရ က လျှစ်စစ်မီးတွေ (၂၄) နာရီ ပေးနေပါတယ်လို့ ပြောနေတဲ့ကြားကပဲ မန္တလေး တိုင်းအတွင်းရှိ သာစည် မိတ္ထီလာစတဲ့ မြို့တွေမှာ လျှပ်စစ်ပုံမှန်မရဘဲ ဖြစ်နေ တာလို့လဲ ဒေသခံပြည်သူတွေနဲ့ ရဲဝန်ထမ်းတွေ ကိုယ်တိုင်ကပြောပြကြပါ တယ်။ မိတ္ထီလာမြို့မှာဆိုရင် အပိုင်းသုံးပိုင်းခွဲထားပြီး တပိုင်းကို တနေ့ (၆) နာရီနှုန်း မီးပေးနေရာကနေ လွန်ခဲ့တဲ့ ငါးရက်ကစပြီး တနေ့လုံးနီးပါး မီးမလာ တဲ့ ရပ်ကွက်တွေရှိလာနေပြီလို့လဲ အမည်မဖော်တဲ့ရဲတပ်ဖွဲ့ဝင်တဦးက ဒီဗွီဘီ ကို ပြောပါတယ်။ ဒီလို နေ့လုံးပေါက်မီးမလာတဲ့ ရပ်ကွက်တွေရှိနေပေမဲ့ လျှပ် စစ်ဌာနကို ငွေပေးထားတဲ့ အိမ်တွေနဲ့ အလုပ်ရုံတွေမှာတော့ (၂၄) နာရီ မီးပေးနေတာကို တွေ့ရတယ်လို့လဲ နောက်ထပ် မြို့ခံတဦးက ပြောပါတယ်။

ဒါကြောင့် ငွေမပေးတဲ့အိမ်တွေမှာ မီးမလာတဲ့အတွက် လျှပ်စစ်မီးဖို့သုံးပြီး ချက်ပြုတ်မရတာတွေ၊ ရေခဲသေတ္တာတွေမှာဆိုရင်ရေမခဲတော့ဘဲ ပရွက်ဆိတ်တွေ တက်နေတာတွေ ဖြစ်နေတာကြောင့် မြို့ခံတွေအလွန်အမင်း စိတ်ပျက်နေကြတာတွေကို ကြုံတွေ့နေရတယ်လို့လဲ ပြောပြကြပါတယ်။ လျှပ်စစ်မီးကြိုးတွေကလဲ ခေတ်မမီဘဲ ပေါက်ပြဲနေပြီး မိုးရွာလေတိုက်လာရင် တမြို့လုံးလျှပ်စစ်မီးတွေ ပြတ်တောက်ကုန်လေ့ ရှိတယ်လို့လဲ မြို့ခံတွေက ဒီဗွီဘီကို ပြောပြကြပါတယ်။ ■

“ ဤစာစောင်အား မြန်မာပြည် လူထုလှုပ်ရှားမှုတိုက်ပွဲအတွက် ထပ်ဆင့်ကူးယူဖြန့်ချီသူများအား အထူးကျေးဇူးတင်ပါသည်။ ”